# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၂၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၂၆၉)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနှိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နှိုးကြားသောအားဖြင့် နှိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာကို ကိုဗစ်-၁၉ ကုသရေးစင်တာအဖြစ် ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာကို ကိုဗစ်-၁၉ ကုသရေးစင်တာဖွင့်လှစ်ခြင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

"ကိုဗစ်ရောဂါပိုး ကူးစက်ခံရသူများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ပြည်သူ့ဆေးရုံကြီးများတွင် ကုသပေးနေသော်လည်း ယခင်နှစ်ရန်ကုန်တွင် ထိတွေ့ကူးစက်မှုနှုန်းအရ ဆေးရုံခုတင်များ လုံလောက်မှုမရှိသည့်အတွက် အစိုးရ၊ တပ်မတော်၊ စေတနာရှင်အလှူရှင်များနှင့် ပရဟိတအဖွဲ့များ အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ကုသရေးစင်တာများ ထပ်မံ ဖွင့်လှစ်ကုသပေးခဲ့ကြောင်း။

ယနေ့ဖွင့်လှစ်သော စင်တာ၏ နေရာထိုင်ခင်း၊ ခုတင်မွေ့ယာ၊ အသုံးအဆောင်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လည်းကောင်း၊ စားသောက်ရေး၊ ပရဟိတအဖွဲ့များ ကူညီပံ့ပိုးရေးနှင့် သယ်ယူပို့ဆောင်ရေးတို့ကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက လည်းကောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆



မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာကို ကိုဗစ်-၁၉ ကုသရေးစင်တာအဖြစ် ဖွင့်လှစ်ထားမှုကို တွေ့ရစဉ်။

## ယနေ့ ဖတ် စ ရာ


စစ်ကိုမျှော်၍ ခေါ်ကြသည် — ဆောင်းပါး စာ ၆

လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် လားရှိုးမြို့ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာတို့သို့ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း — ပြည်တွင်းသတင်း စာ ၁၅

သမဝါယမစနစ်ကို အခြေတည်၊ တွဲလက်ညီညီ ရှေ့သို့ချီ၊ ပို၍ကောင်းအောင် တည်ဆောက်မည် — ဆောင်းပါး စာ ၂၀

ဇီဗြောင်း ကိုဗစ်-၁၉ ဒယ်တာကြောင့် တောင်အာဖရိကတွင် တင်းကျပ်မှုများ လုပ်ဆောင် — နိုင်ငံတကာသတင်း စာ ၁၂





မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကာလ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို အချိန်တိုးမြှင့်ကာ အကူအညီများ ပေးသွားမည် — နိုင်ငံတကာသတင်း စာ ၁၄

**မြန်မာ့အလင်း**

# ကပ်ရောဂါကာလ မူးယစ်ဆေးဝါးအန္တရာယ်

ဇွန်လ ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့က ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၂ မျိုး စုစုပေါင်း တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၆၆၇ သန်းကျော်ဖိုးနှင့် ဆက်စပ်ပစ္စည်းပေါင်း အမျိုး ၆၀ တို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများသည် မြန်မာနိုင်ငံတစ်ဝန်းမှ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိခဲ့သည့် ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွ ရူးသွပ်ဆေးပြား၊ အိုက်စ်၊ ဆေးခြောက်၊ ကတ်တမင်း၊ ကဖင်း စသည်တို့ ပါဝင်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့က အသွားအလာများကန့်သတ်နေရချိန်၊ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးကို ဂရုပြုအာရုံစိုက်နေရချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုတို့ အခွင့်ကောင်းယူကာ တိုးတက်များပြားလာကြသည်။ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုအများစုတို့မှာ တရားဥပဒေစိုးမိုးမှုနှင့် အလှမ်းဝေးပြီး ငြိမ်းချမ်းရေးမရရှိသေးသည့် နယ်စွန်နယ်ဖြားဝေးလံခေါင်းပါးသည့် ဒေသများမှ ဖြစ်သည်။ ယင်းနေရာများမှ ထုတ်လုပ်လိုက်သည့် မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံအတွင်း လမ်းပေါင်းစုံမှ ဖြတ်ကျော်သယ်ဆောင်ကြပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် နိုင်ငံတကာဈေးကွက်သို့ အဆင့်ဆင့်လွှဲပြောင်းရောင်းချနေခြင်းဖြစ်ရာ နိုင်ငံစုံရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်လျက်ရှိသည်။

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုများပြားလာလျက်ရှိရာ ၂၀၁၈ ခုနှစ်အတွင်းက တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လူ ၂၆၉ သန်းတို့ မူးယစ်ဆေးဝါးသုံးစွဲခဲ့ကြသည်ဟု ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးက ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ မူးယစ်ဆေးဝါး သုံးစွဲမှုသည်လည်းကောင်း၊ သယ်ဆောင်ရောင်းဝယ်မှုသည်လည်းကောင်း လူ့အဖွဲ့အစည်းအတွင်း ပြဿနာများစွာတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်စေသည်။ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ပြဿနာများ၊ ရာဇဝတ်မှုခင်းများ တိုးမြင့်လာခြင်း၊ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှု၊ ငွေမည်းခဝါချမှု စသည်တို့အပြင် လက်နက်ကိုင်အဖွဲ့အစည်းများပါ ပါဝင်ပတ်သက်နေပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးတို့အထိ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းမှု အခြေအနေများ နိုင်ငံတိုင်းတွင် ဖြစ်ပေါ်လျက်ရှိရာ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးလာသူ၊ စားဝတ်နေရေးခက်ခဲလာသူများ၊ မူးယစ်ဆေးဝါး ရာဇဝတ်မှုများတွင် ပိုမိုပါဝင်ပတ်သက်လာနိုင်ဖွယ် ရှိနေသည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်လည်း တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်မှုများမှာ နည်းလမ်းသစ်များ၊ လမ်းကြောင်းသစ်များ သုံးစွဲလာသည့်အလျောက် တားဆီးနှိမ်နင်းမှုဘက်တွင်လည်း ပိုမိုမြင့်မားသည့် နည်းပညာများနှင့် ခေတ်မီပစ္စည်း ကိရိယာများ၏ အထောက်အကူပြုမှုများလည်း လိုအပ်လာသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း မူးယစ်ဆေးဝါးသယ်ဆောင်သည့် လမ်းကြောင်းများစွာတို့တွင် ရှာဖွေစစ်ဆေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်ခြင်း၊ တားဆီးပိတ်ဆို့ခြင်း၊ ထုတ်လုပ်သည့်နေရာများကို ရှာဖွေဖော်ထုတ်ခြင်း စသည်တို့ သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူသားတို့၏ရန်သူ မူးယစ်ဆေးဝါးကို ဆတက်ထမ်းပိုးတိုး၍ နှိမ်နင်းနိုင်ပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အန်ဂိုလာသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက မစ္စတာအာဂိုစတီနို အန်ဒရေးဂျီ၊ ကာဗာလျို ဖာနန်ဂျေ့စ် အား ဟန္စိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အန်ဂိုလာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အာဂိုစတီနို အန်ဒရေးဂျီ၊ ကာဗာလျို ဖာနန်ဂျေ့စ်သည် ၁၉၈၉ ခုနှစ်တွင် အန်ဂိုလာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ အန်ဂိုလာကိုယ်စားလှယ်အဖွဲ့ရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၉၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အမေရိကန်နှင့် မြောက်အမေရိကန် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် (NAFTA) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံဆိုင်ရာ အန်ဂိုလာကုန်သွယ်ရေး ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဆိုင်ရာ အန်ဂိုလာကုန်သွယ်ရေး ကိုယ်စားလှယ်အဖြစ်လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် အန်ဂိုလာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး၏ရုံး၌ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် အန်ဂိုလာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ဒေသပထဝီနိုင်ငံရေးဆိုင်ရာဌာန၊ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၎င်းသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အန်ဂိုလာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၈**



ဟံဇာပြည်သူ့ဆေးရုံ၌ တပ်မတော်သား ဆရာဝန်များက ပြည်သူများအား ဆေးဝါးကုသပေးစဉ်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူး တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည်။

ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေး ကုသပေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ရုရှားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် မြင့်ကျော်ထွန်းနှင့် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကျော်ရွှေထွန်း တို့ ပါဝင်တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ-ရုရှား လုံခြုံရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်စဉ်။

### တစ်နိုင်ငံချင်းဆွေးနွေး

ဆွေးနွေးပွဲ၌ Secretary of the Security Council of the Russian Federation, Nikolai Patrushev နှင့် အာဆီယံ- ရုရှား ဆွေးနွေးပွဲအတွက် ညှိနှိုင်းရေးတာဝန်ခံနိုင်ငံဖြစ်သည့် အင်ဒိုနီးရှား နိုင်ငံမှ Acting Deputy for Foreign Policy Coordination, Coordinating Ministry for Political, Legal and Security Affairs, Dr. Pribadi Sutino တို့က အဖွင့်အမှာစကား ပြောကြားကြပြီး အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံရေးရာနှင့်လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့် စိန်ခေါ်မှုများအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားနိုင်ငံတို့က တစ်နိုင်ငံချင်းအလိုက် ဆွေးနွေးကြသည်။

### ရင်ဆိုင်ကြုံတွေ့

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာဆီယံ တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်လာပြီးနောက် အာဆီယံအဖွဲ့ဝင်များအကြားအပြုသဘောဆောင်သော ထိတွေ့ဆက်ဆံရေးကို ကျင့်သုံးလာသကဲ့သို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် အာဆီယံ၏ အခြား ဆွေးနွေးဖက်နိုင်ငံများနှင့်လည်း သာတူညီမျှ မိတ်ဝတ်မပျက် ဆက်ဆံရေးကို ထူထောင်ထားရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဆွေးနွေးဖက်နိုင်ငံ တစ်ခုအဖြစ် သာမက မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံ တစ်နိုင်ငံလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် လုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံတို့သည် အာရှ-ပစိဖိတ်ဒေသအတွင်း တည်ရှိသောကြောင့် အာရှ-ပစိဖိတ် ဒေသတွင်းရှိ နိုင်ငံရေးဆိုင်ရာ မူဝါဒနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ဘုံသဘောထား ရပ်တည်ချက်ထားရှိရန် လိုအပ်ကြောင်း၊ မိမိတို့အားလုံးအနေဖြင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ ဒေသတွင်းရှိ ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေး၊ စွမ်းအင်ဆိုင်ရာ လုံခြုံရေး၊ အကြမ်းဖက် အန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် တရားမဝင် ရွှေ့ပြောင်းသွားလာမှု တားဆီးကာကွယ်ရေးတို့မှ အစပြု၍ လူသားဆိုင်ရာ လုံခြုံရေးနှင့် အစားအသောက်ဆိုင်ရာ လုံခြုံရေးအထိပါ အာဆီယံနှင့် ရုရှား ဖက်ဒရေးရှင်းတို့၏ ပူးပေါင်း ဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ အာဆီယံဒေသနှင့် အာရှ-ပစိဖိတ်ဒေသအတွင်း နိုင်ငံရေးဆိုင်ရာ တိုးတက်မှုတစ်ရပ် အနေဖြင့် မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ မဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းကျော် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပကာ အများစုအနိုင်ရသည့် နိုင်ငံရေးပါတီကို အာဏာလွှဲအပ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် ၂၀၁၅ တွင် ရွေးကောက်ပွဲ အနိုင်ရရှိလာသော နိုင်ငံရေးပါတီသည် သတင်းမီဒီယာ လွတ်လပ်ခွင့်များ အပါအဝင် ဒီမိုကရေစီအခွင့်အရေးများကို ပိတ်ပင်တားဆီးခဲ့သည့်အပြင် စီးပွားရေးကဏ္ဍတွင်လည်း မှားယွင်းသည့် မူဝါဒများကြောင့် မြန်မာကျပ်ငွေတန်ဖိုး လျော့နည်းကျဆင်းခြင်းများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း။

### ထိန်းသိမ်းဆောင်ရွက်

၂၀၂၀ တွင် ကျင်းပသည့် ရွေးကောက်ပွဲတွင်လည်း တစ်ပါတီတည်း အများစု အနိုင်ရရှိရန် မဲမသမာမှုများ အပါအဝင် မတရားသည့် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ရာ မတရားသဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ထိုသို့ မဲမသမာမှုများကြောင့် လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ စနစ်အပေါ် ယုံကြည်မှု ကင်းမဲ့လာခဲ့ကြောင်း၊ သို့သော် အနိုင်ရပါတီသည် အဆိုပါ ရွေးကောက်ပွဲရလဒ်အပေါ် အသိအမှတ်ပြုပြီး လွှတ်တော်ခေါ်ယူရန် ကြိုးပမ်းခဲ့သဖြင့် ဖေဖော်ဝါရီ (၁) ရက်တွင် မလွှဲမရှောင်သာပဲ အာဏာကို ထိန်းသိမ်းခဲ့ရကြောင်း၊ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

### လုံခြုံမှုကို ထိန်းသိမ်း

သို့သော် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ ဆူပူအကြမ်းဖက်သူများသည် လမ်းမများကို ပိတ်ဆို့ခြင်း၊ ခဲတက်ဆီပုလင်းဗုံး၊ လက်ပစ်ဗုံး၊ သေနတ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်ခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံမှုကို ထိန်းသိမ်းနိုင်ရန် ခြောက်လှန့်ပစ်ခတ်လူစုခွဲ ထိန်းသိမ်းခဲ့ရကြောင်း၊ သို့သော် အဖျက်အမှောင့်လုပ်ငန်းများသည် ရပ်တန့်သွားခြင်းမရှိကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲ အနိုင်ရပါတီက ဦးဆောင်၍ လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို တရားမဝင်ဖွဲ့စည်းပြီး နိုင်ငံတော်ဆန့်ကျင်ရေး အဖျက်အမှောင့်လုပ်ငန်းများကို တန်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်း CRPH မှ အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ကို စင်ပြိုင်ဖွဲ့စည်းကာ နိုင်ငံတကာနှင့် ဆက်သွယ်ခြင်း၊ အာဆီယံအဖွဲ့နှင့် ဆက်သွယ်ခြင်းတို့ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရကို သံတမန်ရေးအကျပ်အတည်းနှင့် စီးပွားရေးအကျပ်အတည်းတို့ ပေါ်ပေါက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် နိုင်ငံတော်အာဏာကို စတင်တာဝန်ယူစဉ်ကတည်းက ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်(၅) ရပ်တွင် “နိုင်ငံတော်အား အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆောင်ရွက်သွားနိုင်ရန်” ဟူ၍ ပါဝင်ကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားလူမျိုးစုအားလုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတစ်ရပ် ဖော်ဆောင်နိုင်ရေးသာမက နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အားထုတ် ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့ပြင် ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာရေးနှင့် တစ်ပါတီအာဏာရှင်စနစ်သို့ သွေဖည်မသွားစေရေးအတွက် တပ်မတော်တွင် အပြည့်အဝတာဝန်ရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ ကြိုးပမ်းရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ်များကို ချုပ်ဆိုခဲ့သည့်အပြင် နိုင်ငံရေးစားပွဲဝိုင်းတွင်လည်း တန်းတူရည်တူဆွေးနွေးညှိနှိုင်းလျက်ရှိကြောင်း၊ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံရေးနှင့် လုံခြုံရေးအတွက်အခြားနိုင်ငံများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

### ပူးပေါင်းဆောင်ရွက်

လက်ရှိ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အခြေအနေများနှင့် အခက်အခဲများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး အာဆီယံဒေသတွင်းနှင့် အာရှ-ပစိဖိတ်ဒေသ၏ လုံခြုံရေးအခြေအနေများအပေါ် သက်ရောက်မှုရှိမည် မဟုတ်ကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်းရှိ နိုင်ငံရေးရာနှင့် လုံခြုံရေးပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် Secretary of the Security Council of the Russian Federation, Nikolai Patrushev နှင့် အာဆီယံ- ရုရှား ဆွေးနွေးပွဲအတွက် ညှိနှိုင်းရေးတာဝန်ခံ နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံမှ Acting Deputy for Foreign Policy Coordination, Coordinating Ministry for Political, Legal and Security Affairs, Dr. Pribadi Sutino တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ *ရှေ့ဖုံး*

ဆေးရုံအုပ်ချုပ်ရေးနှင့် ရောဂါကုသရေးကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆရာဝန်များက ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း” ကိုဗစ်-၁၉ ကုသရေးစင်တာဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ပြောကြားသည်။

ယနေ့အခြေအနေမှာ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ထိတွေ့ကူးစက်ခံရသူ ၈၆၈ ဦးကို ဆေးရုံနှင့်စင်တာအသီးသီးတွင် လက်ခံကုသပေးလျက်ရှိပြီး မြန်မာကွန်ဗင်းရှင်းစင်တာရှိ ကိုဗစ်-၁၉ ကုသရေးစင်တာတွင် လူနာ ၁၄ ဦး လက်ခံထားရှိပြီး စုစုပေါင်းလူနာ ၂၅၀ လက်ခံကုသပေးနိုင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူများအတွက် ဆေးရုံနှင့် ကုသရေးစင်တာ ၁၅ နေရာတွင် ပိုးတွေ့လူနာ ၂၇၀၀ ကို လက်ခံကုသပေးနိုင်ရန် အဆင်သင့်ပြင်ဆင်ထားရှိပြီး ခရိုင်လေးခရိုင်တွင် Community – Based Facility Quarantine Center နေရာပေါင်း ၆၀ တွင် လူဦးရေ ၃၆၀၀ ကို ထားရှိနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ အစီအစဉ်ဖြင့် လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအပါအဝင် တပ်မတော်ဆေးရုံကြီးများတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူလူနာ ၁၈၀၀ ထားရှိနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး (မြန် /ဆက်)**

# ၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၈**

၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စုစုပေါင်း ၃၉ ဦးရှိ**

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ၈ မျိုးအနက် အမြင့်ဆုံးဘွဲ့တံဆိပ်နှစ်မျိုးဖြစ်သည့် အဂ္ဂမဟာသီရိ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ အမျိုးသား ၁၁ ဦး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၃၉ ဦးရှိပြီး သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း။

**ပြင်ဆင်ညှိနှိုင်းပေါင်းစပ်**

ယခုအခမ်းအနားသည် ဆရာတော်သံဃာတော်များ မပါဝင်ဘဲ လူပုဂ္ဂိုလ်များသာ သီးသန့်ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားဖြစ်သည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆပ်ကော်မတီများအနေဖြင့် ခမ်းခမ်းနားနား ပြင်ဆင်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ထို့အတူ ကျန်ရှိသည့် သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ၆ မျိုး ရရှိကြသော အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၅၂ ဦး စုစုပေါင်း ၈၅ ဦးတို့ကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့၏ဦးဆောင်မှုဖြင့် နေပြည်တော် ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်တို့တွင် သတ်မှတ်နေရာ အသီးသီးတို့၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားများ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား ပြင်ဆင်ရေးနှင့် အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ တည်းခိုရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံဖျော်ဖြေရေး ဆပ်ကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီနှင့် လုံခြုံရေး ဆပ်ကော်မတီတို့က ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက် (၂၁)ချက်အပေါ် ဆောင်ရွက်ထားရှိမှုနှင့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြသည်။



၂၀၂၂ ခုနှစ်၊ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**ပေါင်းစပ်ညှိနှိုင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သတင်းမှတ်တမ်း ရိုက်ကူးရေးအတွက် နိုင်ငံပိုင်သတင်းမီဒီယာများဖြင့် ရိုက်ကူးထုတ်လွှင့်နိုင်ရေးနှင့် အခမ်းအနားသို့ ဘွဲ့ခံပုဂ္ဂိုလ်များကို ကင်မရာများ ယူဆောင်ခွင့်မပြုသည့်အတွက် မှတ်တမ်းဓာတ်ပုံ/ ဗီဒီယိုများ ကူးယူဆောင်ရွက်ပေးနိုင်ရေး သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးဆပ်ကော်မတီမှ စီစဉ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် စစ်ဆေးခြင်းများကို ဘွဲ့ခံပုဂ္ဂိုလ်များ၊ အထောက်အကူပြုပုဂ္ဂိုလ်များနှင့် လိုက်ပါဆောင်ရွက်မည့် ဝန်ထမ်းများ၊ ယာဉ်မောင်းများကို ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် ကြိုတင်စစ်ဆေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးဆပ်ကော်မတီမှ အထူးကြပ်မတ်ဆောင်ရွက်ရန် ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်၍ ခံ့ညားထည်ဝါစွာ ဆောင်ရွက်သွားကြရန်အတွက် ဆပ်ကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဖြန့်ဖြူးလျက်ရှိသည့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**စီမံဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက လက်ရှိကာလတွင် တစ်နိုင်ငံလုံး၏ ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၃၉၉၇ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးလျက်ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးသည် အမြင့်ဆုံးဓာတ်အား ၁၅၈၉ ဒသမ ၁၃ မဂ္ဂါဝပ်ခန့်ကို သုံးစွဲလျက်ရှိသည့်အတွက် တစ်နိုင်ငံလုံး၏ ထက်ဝက်နီးပါးသုံးစွဲလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ကဏ္ဍသည် မိမိတို့ဝန်ကြီးဌာနအတွက် အဓိကကျကြောင်း၊ သို့ဖြစ်ပါ၍ ဖြန့်ဖြူးလျက် ရှိသည့် လျှပ်စစ်ဓာတ်အားများကိုလည်း စိတ်ချယုံကြည်ရသော အရည်အသွေးပြည့်ဝပြီး ဗို့အားတည်ငြိမ်သော လျှပ်စစ်ဓာတ်အားများကို စဉ်ဆက်မပြတ် တိုးတက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထိုသို့ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝပြီး ဝန်ဆောင်မှုကောင်းသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ဝန်အားပြည့်နေသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သလို တည်ဆောက်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကိုလည်း စနစ်တကျထိန်းသိမ်း ပြုပြင်ခြင်းများကိုလည်း ဟန်ချက်ညီညီ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း။



ရန်ကုန်တိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဖြန့်ဖြူးလျက်ရှိသည့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး အမှာစကားပြောကြားစဉ်။

**ဝိုင်းဝန်းကြိုးပမ်း**

ထို့ပြင် ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့ကိုလည်း အလေးအနက်ထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိုးရာသီကာလသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက်ဓာတ်အားလိုင်းများကြံ့ခိုင်ကောင်းမွန်စေရေး ဓာတ်အားလိုင်းများတစ်လျှောက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်နှင့် လိုအပ်သောနေရာများတွင် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ၎င်းအပြင် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားခကောက်ခံခြင်းများကိုလည်း အမြန်ကောက်ခံရရှိနိုင်ရန် မြို့နယ်/ခရိုင် လျှပ်စစ်မန်နေဂျာများ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးတာဝန်ခံများမှ အနီးကပ်ကြပ်မတ်၍ ကြွေးကျန် မရှိစေရေး ဆောင်ရွက်သွားရန်နှင့် မီတာဖတ်ခြင်း၊ မီတာဘေလ်ဝေခြင်းနှင့် ဓာတ်အားခကောက်ခံခြင်း၊ ဓာတ်အားခများ ကြွေးကျန်မရှိစေရေး ကိစ္စရပ်များကိုလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ် အင်ဂျင်နီယာများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်နှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် ကမ်းနားလမ်းရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့၏ ပစ္စည်းစီမံရေးဌာနများသို့ရောက်ရှိပြီး ထရန်စဖော်မာများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Special Purpose Vehicle ယာဉ်များတင်သွင်းမှုနှင့် သက်ဆိုင်သော မူဝါဒလုပ်ထုံးလုပ်နည်းများ ညှိနှိုင်းအစည်းအဝေးနှင့် နယ်စပ်ကုန်သွယ်ရေးအသင်းများနှင့် ကုန်သွယ်မှုကိစ္စရပ်များ ဆွေးနွေးခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၈**

လုပ်ငန်းသုံးယာဉ်အုပ်စုတွင်ပါဝင်ပြီး အထူးတည်ဆောက်ထားသည့် Special Purpose Vehicle ယာဉ်များ တင်သွင်းမှုနှင့် သက်ဆိုင်သော မူဝါဒလုပ်ထုံးလုပ်နည်းများ ညှိနှိုင်းအစည်းအဝေးနှင့် နယ်စပ်ကုန်သွယ်ရေးအသင်းများနှင့် ကုန်သွယ်မှုကိစ္စရပ်များ ဆွေးနွေးခြင်း အစည်းအဝေးများတို့ကို ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



### အသိပေးခဲ့ပြီးဖြစ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းသည့် မူဝါဒများနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရေးနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်များရရှိရေးဦးတည်ပြီး မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းသုံးမော်တော်ယာဉ်များ တင်သွင်းရာတွင် နယ်စပ်စခန်းများမှ Brand New လုပ်ငန်းသုံးမော်တော်ယာဉ်များကိုသာ တင်သွင်းခွင့်ပြုရန်နှင့် ပို့ကုန်/ သွင်းကုန်ကုမ္ပဏီများမှ ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းများကို ကန့်သတ်၍ အရောင်းစင်တာ၊ အရောင်းပြခန်းဖွင့်လှစ်ထားရှိသော ကုမ္ပဏီများမှ တင်သွင်းရောင်းချခွင့်ပြုရန် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အသိပေးခဲ့ပြီးဖြစ်ပါကြောင်း။

### အကြံပြုဆွေးနွေး

လုပ်ငန်းသုံးယာဉ်အုပ်စုတွင်ပါဝင်ပြီး အထူးတည်ဆောက်ထားသည့် Special Purpose Vehicle များဖြစ်သည့် အမှိုက်သိမ်းယာဉ်၊ ရေပုပ်စုပ်ယာဉ်၊ လူနာတင်ယာဉ်၊ ရေသယ်ယာဉ်၊ ဆီသယ်ယာဉ်၊ LPG/ LNG တင်ယာဉ်နှင့် Truck with Crane ကဲ့သို့ ယာဉ်တင်သွင်းမှုနှင့် ပတ်သက်၍ လက်ရှိကျင့်သုံးနေသော မူဝါဒများ ပြန်လည်လေ့လာသုံးသပ်ရန်အတွက် ယခုကဲ့သို့ အစည်းအဝေးပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Virtual စနစ်ဖြင့်ကျင်းပသည့် နယ်စပ်ကုန်သွယ်ရေးအသင်းများနှင့် ကုန်သွယ်မှုကိစ္စရပ်များ ဆွေးနွေးခြင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

### ပွင့်ပွင့်လင်းလင်း ဆွေးနွေး

အစည်းအဝေးတွင် နယ်စပ်ကုန်သွယ်မှုအခြေအနေများ၊ မြေပြင်တွင်လက်တွေ့ဆောင်ရွက်နေမှုအခြေအနေများကို တက်ရောက်လာကြသူများက ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝန်ထမ်းရေးရာ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇွန် ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဝန်ထမ်းရေးရာ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်နှင့် အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေး အပြီးသတ် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

### ပူးပေါင်းညှိနှိုင်း

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကို အထူးအလေးထား ဆောင်ရွက်နေရသဖြင့် ဝန်ထမ်းများအနေဖြင့် ရုံးတက်/ ရုံးဆင်း၊ ရုံးလုပ်ငန်းခွင်အတွင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာ နေထိုင်သွားရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့် (၃)ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ခရီးစဉ်ဒေသအသီးသီး၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ အထိုက်အလျောက် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရေး Pilot Project များကို ခရီးစဉ်ဒေသများ၌ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယအဆင့်အနေဖြင့် Inbound Tourism ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဈေးကွက်ခိုင်မာမှုရှိပြီးဖြစ်သော တရုတ်၊ ထိုင်းနှင့် ကိုရီးယားနိုင်ငံသား ခရီးသည်များကို ဖိတ်ခေါ်ရန်နှင့် ၎င်းတို့ လာရောက် လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များကို အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းညှိနှိုင်း စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မကြာမီ ကျင်းပမည့် အမျိုးသား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမဆုံးအကြိမ်ကျင်းပသည့် နိုင်ငံတော်အဆင့် အစည်းအဝေးဖြစ်သည့်အတွက် အောင်မြင်စွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရန် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါ ဗဟိုကော်မတီ အစည်းအဝေးတွင် တက်ရောက်လာကြမည့် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများကပါ ဆောင်ရွက်လိုသည့် အကြံဉာဏ်ကောင်းများ၊ အစီအမံများကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးပြီး လက်တွေ့ဆောင်ရွက်နိုင်သော လုပ်ငန်းအစီအမံများ ပေါ်ထွက်လာနိုင်စေရေးအတွက် အလေးထား ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၈**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၀၀၅၇ ဦးနှင့် အတွင်းလူနာပေါင်း ၇၅၉၅၄ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၀၇၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၃၂၀ စုစုပေါင်း ၁၈၃၉၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၁၀၃ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၇၄၅ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၄၈၄၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# စစ်ကိုမျှော်၍ ခေါ်ကြသည်

**စာချစ်သူ**

**❒ တကယ်စစ်ဖြစ်ပြီဆိုလျှင် ရန်ကုန်မြို့ကြီးမှာ နေမဖြစ်တော့ပြီကို သည်တစ်ချီတည်းနှင့်သိကြ၍ နောက်တစ်နေ့ ၂၄ ရက်တွင် ရန်ကုန်သားများ အလုံးအရင်းနှင့် ကိုယ့်ဆွေမျိုး ကိုယ့်အဆက်ရှိရာဒေသများသို့ ထွက်ခွာကုန်ကြသည်။ ငွေကြေးတတ်နိုင်သူများက မော်တော်ကားစီးလုံးငှား၍ သွားကြသည်။ အချို့ ငွေကြေးရှိပါကလည်း ကားငှား၍မရကြ။ ဒီဇင်ဘာ ၂၃ ရက် ဗုံးကြဲပြီးသည့် အချိန်မှစတင်၍ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် မီးရထားလမ်း၊ မော်တော်ကားလမ်း၊ သင်္ဘောလမ်းတို့တွင် တင်းကျမ်း လူပြည့်ကျပ်လျက် ဖြစ်နေသည်**

"ဂျပန်လေယာဉ်ပျံတွေ ရန်ကုန်မြို့ကို ဗုံးကြဲပြီးနောက်ရက်မှာ ငါတို့မိသားစုတွေလည်း အမျိုးတွေရှိရာ လေးမျက်နှာမြို့ကို ပြေးရတယ်။ လမ်းမှာ လေ့မှောက်လို့ ပစ္စည်းတွေ ပါသွားတယ်၊ ကျန်တဲ့ပစ္စည်းတွေကို ငါ မနှမြောပါဘူး။ စာအုပ်တွေပါသွားတာတော့ အတော်နှမြောတယ်ကွာ"

ငယ်စဉ်မှသည် လူလားမြောက်သည့်တိုင် အဖေ၏ စစ်အတွင်း ကိုယ်တွေ့ဖြစ်ရပ်များက ကျွန်တော့်အဖို့ မရိုးနိုင်ပါ။ အဖေကိုယ်တွေ့ ဖြစ်ရပ်ထဲတွင် ကျွန်တော် အမှတ်ရမိဆုံးဖြစ်ရပ်က တောမီးလောင် တောကြောင် လက်ခမောင်းခတ်သည့် ကိစ္စဖြစ်လေသည်။

"ဂျပန်ခေတ်မှာ ရန်ကုန်က ပြန်စည်ကားလာတော့ တို့တစ်တွေ လည်း လှေငှားပြီး ပြန်လာကြတယ်။ လှေသမားတွေကို ငါ့အစ်မတွေက ပါလာတဲ့ ငါးသေတ္တာတွေ၊ ငါးပိဆီကြော်တွေကို လမ်းမှာ ငါတို့ စားသလို သူတို့တွေကိုလည်း ကျွေးတယ်။ ရန်ကုန်ရောက်ခါနီးတော့ လှေသမားတစ်ယောက်က ခင်ဗျားတို့ကို မူလက လမ်းမှာသတ်ပြီး ပစ္စည်းတွေယူဖို့ပဲ။ ဒါပေမယ့် ခင်ဗျားတို့က ကျုပ်တို့ကို တစ်လမ်းလုံး ကျွေးမွေးလာတော့ ခင်ဗျားတို့လို လူကောင်းတွေကို မသတ်ရက်လို့ ခရီးအဆုံးအထိ လိုက်ပို့တာလို့ ပြောတယ်ကွ။ ငါ့ အစ်မတွေလည်း ဓားပြတွေမှန်းသိမှ ကြောက်လိုက်တာ တုန်နေတာပဲ။ မင်းတို့ ဒီခေတ် လူတွေ ဒါတွေကို မသိဘူးကွ၊ စစ်အတွင်းတုန်းက သိပ်ဒုက္ခရောက်တာ"

ထိုသို့ အဖေ့ထံမှ ကိုယ်မမီခဲ့ရသည့် ခေတ်ကာလကို သက်ကြီး စကား သက်ငယ်ကြားခွင့်ရခဲ့သည်မှာ ကျွန်တော့်အဖို့ တန်ဖိုးရှိလေစွ။ အရွယ်ရောက်လို့ စာအုပ်စာပေတွေ လေ့လာဖတ်ရှုတော့ ထိုခေတ်က ပုံရိပ်များကို ဟိုတစ်စ ဒီတစ်စတွေ့မြင် လာရပြန်သည်။

ဗြိတိသျှ ကိုလိုနီ နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း တစ်ရာကျော် သူ့ကျွန်ဘဝ ရောက်ခဲ့ရသော ထိုခေတ်မြန်မာတို့သည် လွတ်လပ်ရေးကို ငတ်မွတ်တောင့်တခဲ့ကြသည်။ ဥရောပတွင် နာဇီ ဂျာမနီနှင့် ဗြိတိန်၊ ပြင်သစ်မဟာမိတ်တို့ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားချိန်တွင် တို့ဗမာအစည်းအရုံးဝင် သခင်များသည် "အင်္ဂလိပ်အခက် ဗမာ့အချက်" ဟု ခံယူကာ နယ်ချဲ့အင်္ဂလိပ်ကို တွန်းလှန်ရန် လျှို့ဝှက် ကြံစည် ကြိုးပမ်းခဲ့ကြသည်။

ဂျပန်ကလည်း ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ် စသည့် မူလလက်ဟောင်း နယ်ချဲ့များထံမှ ကိုလိုနီနယ်မြေများကိုလုယူပြီး ထပ်ဆင့်နယ်ချဲ့နိုင်ရန် ဆင်ကြံ ကြံနေသည်။ ဂျပန်သည် ထိုအချိန်က တရုတ်ပြည်နှင့် စစ်အကြီးအကျယ်ဖြစ်နေသည်။ အင်္ဂလိပ်နှင့် အမေရိကန်က တရုတ်ပြည်သို့ စစ်လက်နက်ခဲယမ်းမီးကျောက်များ ပေးပို့နေသည်။ ဂျပန်တို့က အင်္ဂလိပ်နှင့် အမေရိကန်တို့၏ သင်္ဘောများမဝင်နိုင်အောင် တရုတ်ပင်လယ် ကမ်းခြေတစ်လျှောက်တွင် ဂျပန်စစ်သင်္ဘောများဖြင့် အခိုင်အမာ ပိတ်ဆို့ထားသည်။ ထို့ကြောင့် အင်္ဂလိပ်နှင့် အမေရိကန် တို့က ရေကြောင်းမှ လက်နက်ရိက္ခာများ မပေးပို့နိုင်၍ တရုတ်-မြန်မာလမ်းမကြီးဖောက်ကာ ရိက္ခာခဲယမ်းများကို ပေးပို့နေရသည်။

ထို့ကြောင့် ဂျပန်ဘုရင့်တပ်မတော်သည် မီနာမီအော်ဂန် (ခေါ်) တောင်ပိုင်းအဖွဲ့ကိုဖွဲ့စည်း၍ တရုတ်-မြန်မာလမ်းမကြီး၏ ဆက်သွယ်မှုကို ဖြတ်တောက်ရန် ကြိုတင်စီစဉ်ဆောင်ရွက်လျက် ရှိသည်။ တရုတ် - မြန်မာလမ်းမကြီးပျက်စီးနိုင်ရန် အရင်းခံမှာ မြန်မာ့ လွတ်လပ်ရေးရလျှင် အလိုလိုပိတ်သွားနိုင်မည်ဟုယူဆကာ ဗမာလူငယ်မျိုးချစ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဟိုင်နန်ကျွန်းတွင် ရဲဘော်သုံးကျိပ်ကို စစ်ပညာများသင်ကြားပေးခဲ့သည်။

၁၉၄၁ ခုနှစ် နှစ်ဦးပိုင်းမှစ၍ အာရှအရှေ့တောင်ပိုင်းသို့လည်း စစ်ရိပ်စစ်ငွေ့များက သန်းလာချေပြီ။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ မြန်မာအပါအဝင် အရှေ့အာရှ သာတူညီမျှ ကြီးပွားရေးဆိုသော ဂျပန်တို့၏ ကြွေးကြော်သံနှင့်အတူ "ချယ်ရီပန်း များလည်း ပွင့်နေပါပြီ၊ ကျွန်မတို့ ဂျပန်ပြည်ကို တစ်ခါတစ်ခေါက် လာရောက် လည်ပတ်ကြပါရှင်။ ဂျပန်နီပွန် တပ်မတော်ကြီးကိုလည်း ကြိုဆိုကြပါ" ဟူသော ဂျပန်ပြည်မှ အသံလွှင့်ချက်များကလည်း ညစဉ်ညတိုင်း ထွက်ပေါ်လာသည်။ အဟုတ်မှတ်၍ မြန်မာပြည်သားများ ဝမ်းသာကြသည်။ အသံလွှင့်ချက်အပေါ် နားဝင်ချိုကြသည်။

နယ်ချဲ့အင်္ဂလိပ်ကလည်း မြန်မာပြည်သို့ မလွဲမသွေ စစ်ရောက်တော့မည်ဟုယူဆ၍ ၁၉၄၁ ခုနှစ် မတ်လက စတင်ကာ လေကြောင်းရန် ကာကွယ်ရေးကို စီမံကြသည်။ ဗုံးခိုကျင်းတူးခြင်း၊ မြေကတုတ်လုပ်ခြင်း၊ အချက်ပေးဥသြ၊ အေးဥသြ၊ ညမှောင်ချခြင်းများကို နာရီပိုင်းနှင့် လေ့ကျင့်ပေးသည်။ အင်္ဂလိပ်အစိုးရက စစ်အတွက် အလုပ်များလာလေ၊ အင်္ဂလိပ်မုန်းသော မြန်မာလူထုက ဝမ်းသာလေ။ မှောင်ချသောညများ တွင် လေယာဉ်ရှာသော မီးမောင်းကြီးများကလည်း ကောင်းကင်မှာ ထင်းထင်းကြီး ထိုးသည်။ ထိုအခါ ဂျပန်လေယာဉ်ပျံလာပါစေဟု ဆုတောင်းသူက တောင်းကြသည်။ ဂျပန်ကို အမျှော်ကြီး မျှော်ခဲ့ကြ သည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခန့်။ ဂျပန် လေယာဉ်ပျံများလာချေပြီ။ မူလ မဆွကပင် "အင်္ဂလိပ်တို့အတွက် ခရစ္စမတ်လက်ဆောင်"ဟု ဂျပန်အသံလွှင့်ဌာနက ကြေညာထားခဲ့၍ ရန်ကုန်သားအများစုသည် "ဂျပန်က အင်္ဂလိပ်အဆောက်အအုံနှင့် စစ်ဘက်ဆိုင်ရာဒေသတွေ ချတာပဲ။ တို့မြန်မာကို အာရှတိုက်သားချင်း ညီအစ်ကိုလို့ ဆိုထားတာပဲ။ တို့ရပ်ကွက်မျိုးကို ချမှာမဟုတ်ဘူး"ဟူ၍ ကောင်းကင်တိုက်ပွဲကို ရုပ်ရှင်ကြည့်သလို ဝမ်းသာအားရကြည့်နေ ကြသည်။ စဉ်းစားဉာဏ်ကြီးသော လူကြီးများသာလျှင် ဗုံးခိုကျင်းထဲ၌ ကြောက်ဒူးတုန်နေကြသည်။

စစ်ကိုမျှော်၍ ခေါ်ကြသူ အများစုမှာမူ ဂျပန်စစ်လေယာဉ်များ၏ ဗုံးဒဏ်၊ စက် သေနတ်ဒဏ်တို့ကြောင့် အတုံးအရုံး သေကျေပျက်စီး ခဲ့ကြရရှာသည်။ ဗိုလ်တထောင်ဘက်၊ ကမ်းနားလမ်း၊ အနော်ရထာ လမ်းနှင့် သိမ်ကြီးဈေးတို့တွင် လူတွေ သောက်သောက်လဲ သေခဲ့ ကြသည်။

ဗိုလ်တထောင်ရပ်ကွက်တစ်ခုတည်းမှာပင် ထိုခေတ်သတင်းစာ များ၏ ခန့်မှန်းချက်အရ စုစုပေါင်း လူ ၃၀၀၀ ကျော် သေသည်ဟု ဖော်ပြခဲ့ကြသည်။ သင်္ချိုင်းများတွင် အလောင်းချင်းထပ်၍ ပုံထား ရသည်။ ကွမ်းခြံဘူတာရုံအနီးရှိ သင်္ချိုင်းတစ်ခုတွင် အလောင်း အပြတ်အသတ်၊ အကြီးအငယ်၊ အထီးအမ အရွယ်အစားအမျိုးမျိုး စုပုံထားရသည်။

အခါခပ်သိမ်း ကြိတ်ကြိတ်တိုးအောင် စည်ကားလှသော သိမ်ကြီး ဈေးကြီးမှာ နေ့ ၁၂ နာရီ အချိန်ကြီးတွင် လူသူဆို၍ နှစ်ယောက်၊ သုံးယောက်မျှသာရှိတော့သည်။ ဆရာကြီးရွှေဥဒေါင်းက "ကျွန်ုပ်တို့ နှစ်ယောက်လမ်းလျှောက်သွားသည့် ခြေသံများသည် ကျွန်ုပ်တို့အား ထိတ်လန့်စေမတတ် မြည်ဟိန်းဆူညံလျက်ရှိပါတော့သည်။ တောနက်ကြီးထဲ၌ တိတ်ဆိတ်ခြင်းသည် ကြောက်စရာကောင်းပါ၏။ သို့ရာတွင် စည်ကားလှသော မြို့ကြီးအလယ်၌ အစည်ကားဆုံးသော ဌာနတစ်ခု တွင် အစည်ကားဆုံးသောအချိန်အတွင်း တိတ်ဆိတ်ခြင်းကား (မကြုံရဖူးခြင်းအတွက်ကြောင့်)သာ၍ ထိတ်လန့်ဖွယ် ကောင်းလှသည်" ဟု တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များစာအုပ်တွင် မှတ်တမ်းတင်ရေးသားခဲ့ပါ၏။

ရန်ကုန်မြို့ထဲမှာ လူတွေမနေဝံ့ကြတော့။ ရွှေတိဂုံဘုရားကြီးနှင့် ကန်တော်ကြီး၊ ကန်တော်လေးရပ်ကွက်များသို့ သွေးရူးသွေးတန်းနှင့် ပြေးပြီး သစ်ပင်သစ်ရိပ်တို့အောက်တွင် ခိုလှုံနေကြသည်။ နံနက် ၁၀ နာရီလောက်မှစတင်၍ နာရီပြန်တစ်ချက်လောက်မှ အေးဥသြဆွဲ နိုင်သည်။ ထိုနေ့မှစ၍ အင်္ဂလိပ်ခေတ် ရန်ကုန်မြို့ကြီးပျက်စီးလေသည်။

တကယ်စစ်ဖြစ်ပြီဆိုလျှင် ရန်ကုန်မြို့ကြီးမှာ နေမဖြစ်တော့ပြီကို သည်တစ်ချီတည်းနှင့်သိကြ၍ နောက်တစ်နေ့ ၂၄ ရက်တွင် ရန်ကုန် သားများ အလုံးအရင်းနှင့် ကိုယ့်ဆွေမျိုး ကိုယ့်အဆက်ရှိရာဒေသများသို့ ထွက်ခွာကုန်ကြသည်။ ငွေကြေးတတ်နိုင်သူများက မော်တော်ကား စီးလုံးငှား၍ သွားကြသည်။ အချို့ ငွေကြေးရှိပါကလည်း ကားငှား ၍မရကြ။ ဒီဇင်ဘာ ၂၃ ရက် ဗုံးကြဲပြီးသည့်အချိန်မှစတင်၍ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များတွင် မီးရထားလမ်း၊ မော်တော်ကားလမ်း၊ သင်္ဘော လမ်းတို့တွင် တင်းကျမ်းလူပြည့်ကျပ်လျက် ဖြစ်နေသည်။

*စာမျက်နှာ ၇ သို့*

**"စစ်၏ သဘောသဘာဝနှင့် စစ်၏အနိဋ္ဌာရုံများ၊ စစ်ဘေးအန္တရာယ်များ၊ စစ်၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် စစ်ဘေးဒုက္ခများကို မသိနားမလည် သူအချို့နှင့် အာဃာတကိုရှေ့တန်းတင်၍ အစွန်းရောက်နေသူအချို့သည် ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် စစ်ကိုမျှော်၍ ခေါ်နေကြသည်။ မြို့ပြသို့ တကယ်တမ်း စစ်ပွဲများရောက်လာပြီဆိုမှဖြင့် ------"**

# ဆင်းရဲချမ်းသာ ကွာဟမှုကို လျှော့ချရေး

မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာ ပေါများစေရန်၊ ယိမ်းယိုင်နေသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ပစ်ပယ်ထား၍မရကြောင်း၊ ကျေးလက်စီးပွားရေးမြှင့်တင်ရေးအတွက် ပြည်နယ်နှင့်တိုင်း ဆင်းရဲချမ်းသာ ကွာဟမှုကို လျှော့ချရေးဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် ၂/ ၂၀၂၁ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရုံးအုပ်နှင့် ဌာနခွဲ စာရေးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် ၂/၂၀၂၁ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲက ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုဖွင့်လှစ်သော သင်တန်းသည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ ဦးစီးဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရုံးအုပ်နှင့် ဌာနခွဲစာရေးများအား မိမိတို့ဌာန၏ ရုံးလုပ်ငန်းနှင့် ငွေစာရင်းဘတ်ဂျက်ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရာတွင် မှန်ကန်တိကျမှု ရှိစေရန်၊ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်၊ ဌာနတွင်း ထိန်းသိမ်းထားရှိရမည့် စာရွက်စာတမ်း များ၊ အမှုတွဲများကို စနစ်တကျ စီစဉ်ဆောင်ရွက် နိုင်စေရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ကောင်းစွာသိရှိနားလည်စေရန်၊ မိမိအထက် အရာထမ်းများကို အထောက်အကူပြု ကူညီပံ့ပိုး နိုင်စေရန်နှင့် မိမိကြီးကြပ်ကွပ်ကဲရသော အမှုထမ်း များကို ရှေ့ဆောင်လမ်းပြနိုင်စေရန်အတွက် “ရုံးအုပ်နှင့် ဌာနခွဲစာရေးများလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် ၂/၂၀၂၁” ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း။

ယခုသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ညွှန်ကြားချက်များ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စများ၊ တင်ဒါလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ e-Government ၊ MLIS ၊ စာကြည့်တိုက်ပညာရပ် များအပြင် ရုံးသုံး အင်္ဂလိပ်စာအခေါ်အဝေါ်များနှင့် အစိုးရလျှို့ဝှက်ချက်အက်ဥပဒေတို့ကို ပို့ချပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းဆရာ/ ဆရာမများ၊ သင်တန်းသား/ သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်း ကာလမှာ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၂၈**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာ ဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်း အဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများ ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံ ပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID-19 စည်းမျဉ်း စည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာ သင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်နေ့။ ရန်ကုန်မြို့ကို ဂျပန်များ ဒုတိယအကြိမ်လာ၍ ဗုံးကြဲကြပြန်သည်။ ဗုံးကြဲလေယာဉ် ၈၀ နှင့် တိုက်လေယာဉ် ၂၀ ပါဝင်သည်။ နံနက် ၁၀ နာရီ ခန့်မှာပင် စတင်သည်။ သည်တစ်ကြိမ်တော့ ရန်ကုန်သားများ တစ်ခါသေဖူး ပျဉ်ဖိုး နားလည်သွားသည်။ ပထမအကြိမ်လောက် သေကျေမပျက်စီးသည့်တိုင် အရပ်သူ အရပ်သား ၇၅၀ မျှသေ၍ ၁၇၀၀ ခန့် ဒဏ်ရာရခဲ့ကြသည်။ မီးလောင်ဗုံးများပါ၍ အလုံးရပ်ကွက် မီးလောင်သည်။ သန်လျင် ဘီအိုစီနှင့် ရန်ကုန်မြစ်ကမ်း ရေနံထားသိုရာတို့တွင် မီးခိုးများ အူထွက်နေသည်။

ထိုအချိန်တွင် ရန်ကုန်မြို့ထဲ လူမနေကြတော့။ တစ်မြို့လုံး မီးလည်းမထွန်းရဲ၍ မှောင်မည်းနေသည်။ လူလည်းမရှိ အလွန် တိတ်ဆိတ်နေသည်။ တစ်ရပ်တစ်ကျေးကို မပြေးနိုင်သူအချို့က ရွှေတိဂုံဘုရားရင်ပြင်တော်နှင့် ဇရပ်တန်ဆောင်းတို့တွင် လတ်တလော ပြေးဝင်ခိုလှုံကြလေသည်။ ရန်ကုန်မြို့ကြီး ပျက်စီးပြီဖြစ်၍ စားသောက်ဆိုင်များလည်း မရှိတော့၊ နေဖို့တွင်မက စားဖို့တွင်လည်း အခက်တွေ့ရလေပြီ။ စစ်ကိုကြိုကြသူများ၊ မျှော်ကြခေါ်ကြသူများ၏ စိတ်ကူးနှင့် လက်တွေ့ဘဝသည် များစွာကွာခြားခဲ့လေသည်။

**ပစ္စက္ခကာလတွင်လည်း နိုင်ငံရေးအခါတော်ပေး ဦးပုညတို့သည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန်၊ အလုံးစုံပျက်သုဉ်းစေရန်ရှေးရှု၍ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် ဘယ်နေ့ဘယ်အချိန်မှာ မြို့သိမ်းတိုက်ပွဲ၊ ဘာတိုက်ပွဲ ညာတိုက်ပွဲ စတင်ရန်ဟူ၍ အခါတော်ပေးနေကြသည်။**

အရေးပေါ်အခြေအနေ သတိပေးစာအဖြစ် ပြည်သူများ မိမိအိမ်တွင်း Safe Shelter မှာ ပုန်းခိုကြရန်၊ Ensure လို အာဟာရ ဆေးမှုန့်များကို ဘူးလိုက်ဆောင်ထားကြရန်၊ ရိက္ခာ၊ ဆေးဝါးများ သိုမှီးထားကြရန် လှုံ့ဆော်ရေးသားလျက်ရှိကြသည်။

**စစ်၏ သဘောသဘာဝနှင့် စစ်၏အနိဋ္ဌာရုံများ၊ စစ်ဘေးအန္တရာယ်များ၊ စစ်၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် စစ်ဘေးဒုက္ခများကို မသိနားမလည်သူအချို့နှင့် အာဃာတကိုရှေ့တန်းတင်၍ အစွန်းရောက်နေသူအချို့သည် ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် စစ်ကိုမျှော်၍ ခေါ်နေကြသည်။ မြို့ပြသို့ တကယ်တမ်း စစ်ပွဲများရောက်လာပြီ ဆိုမှဖြင့် ------**

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်က ဂျပန်စစ်လေယာဉ်များကို “တို့ရပ်ကွက်မျိုး ချမှာ မဟုတ်ဘူး”ဟူ၍ လက်ထွက်ပြကြိုဆိုကြသည့် ဘုမသိ ဘမသိ စစ်ကိုမျှော်၍ခေါ်ခဲ့ကြသူများ၊ မကောင်းသူထိပ် ကောင်းသူထိပ်ဟု ဗုံးတွေချ၊ စက်သေနတ်နှင့် မွှေသွားကြသည့် ဂျပန်စစ်လေယာဉ်ပျံများ၊ သောက်သောက်လဲ အတုံးအရုံးသေဆုံး ကျန်ရစ်ခဲ့ကြသည့် မြို့ခံလူထုများ၊ “မင်းတို့ဒီခေတ်လူတွေ ဒါတွေကို မသိဘူးကွ၊ စစ်အတွင်းတုန်းက သိပ်ဒုက္ခရောက်တာ” ဟူသည့် သက်ကြီးစကား သက်ငယ်ကြား အဖေ့စကားသံများကို ပြန်လည် မြင်ယောင် ကြားယောင်မိပါ၏။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဇွန် ၂၇ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်ထားသော ကောင်းမှုတော်ပျိုးဥယျာဉ်အတွင်း အပူပိုင်းဒေသတွင် ပေါက်ရောက်သော သစ်မျိုး ၂၂ မျိုး၊ ပျိုးပင် ၄၅၀၀၀ ပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေးသည်။

**အထူးစိမ်း တစ်အုပ်တစ်မ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် နတ်ရေကန်ကြိုးပြင်ကာကွယ်တောရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်ထားသော ၃/၂၀၂၂ တစ်အုပ်တစ်မ တမာ၊ မြန်မာကုက္ကိုပိတောက် အပင် ၃၀၀၀ စိုက်ပျိုးထားရှိမှု၊ ရှင်သန်မှုအခြေအနေနှင့် ၂/၂၀၂၀ အထူးစိမ်း တစ်အုပ်တစ်မ စိုက်ခင်း တမာပင် ၂၀၀၀ ၏ ရှင်သန်အောင်မြင်နေမှု၊ ထိန်းသိမ်းဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နတ်ရေကန်ကြိုးပြင်ကာကွယ်တောရှိ ၂၀၂၀ ခုနှစ် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော ၃၁ ဧက၏ အောင်မြင်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဗောဓိတထောင် အထူးစိမ်းလန်းစိုပြည်ရေး စီမံကိန်းဧရိယာသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

**ကျေးရွာသုံးထင်းစိုက်ခင်း**

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် စစ်ကိုင်းတိုင်း တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ၂၀၂၂ မိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းဘေးဝဲယာ တစ်အုပ်တစ်မစိုက်ပျိုးမည့် အစီအမံများ၊ ကျေးရွာသုံးထင်းစိုက်ခင်းများတည်ထောင်မည့် အစီအမံများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ သတ္တုကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီတို့ အပြန်အလှန် ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။



မုံရွာမြို့နယ်ရှိ ဗောဓိတထောင် အထူးစိမ်းလန်းစိုပြည်ရေး စီမံကိန်းဧရိယာကို တွေ့ရစဉ်။

ထို့နောက် တက်ရောက်လာသူများက လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ တိုးမြှင့်ကြပ်မတ်ဆောင်ရွက်သွားရေး ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဇွန် ၂၈

**ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများအထိ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ခြင်းနှင့်အသိပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ် ကိုဗစ်-၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်တီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များက ဇွန် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခန်းမ၌ ညှိနှိုင်းဆွေးနွေးကြသည်။** (အောက်ပုံ)



**ညွှန်ကြားချက်များလိုက်နာ**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် မေလ နောက်ဆုံးပတ်မှစတင်၍ ကချင်ပြည်နယ်တွင် ပြန်လည်တွေ့ရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၂၇ ရက်အထိ ပိုးတွေ့ရှိသူ စုစုပေါင်း ၁၁၆၇ ဦး ရှိပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်၊ ကြေညာချက်များကို ပြည်သူများ အလေးထား လိုက်နာဆောင်ရွက်ကြရေးကို စည်းရုံးလှုံ့ဆော်သွားရန် လိုကြောင်း၊ လူစည်ကားရာ ဈေးများ၊ စားသောက်ဆိုင်များနှင့် လူစုလူဝေးဖြင့် ကျင်းပပြုလုပ်ရသည့် အခမ်းအနားများ၊ ပွဲလမ်းသဘင်များနှင့် အစည်းအဝေးများကို အမိန့်ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်သွားရေး၊ အသွားအလာကန့်သတ်ထိန်းချုပ်ရေးစင်တာများကို ကြိုတင်ပြင်ဆင်ထားကြရေးနှင့် လိုအပ်သည့် ကုသရေးသုံး အထောက်အကူပြုပစ္စည်းများ ပြည့်စုံလုံလောက်စွာ စုဆောင်းထားရှိရေးနှင့် အထူးသဖြင့် ပြည်နယ်အတွင်း ကြပ်မတ်ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သည့် ညွှန်ကြားချက်များထုတ်ပြန်၍ အလေးထားလိုက်နာရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်လင်းအောင်နှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်လေးတို့က မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများနှင့် ကော်မတီအနေဖြင့် ဗဟိုကော်မတီထုတ်ပြန်သည့် ညွှန်ကြားချက်များအတိုင်း ပြည်နယ်အတွင်း ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများ၊ သတင်းအချက်အလက် ပြည့်စုံမှန်ကန်စွာရရှိရေးနှင့် ဌာနဆိုင်ရာများအတွင်း ကိုဗစ်ကာကွယ်ရေးလုပ်ငန်းများ အလေးထားလုပ်ဆောင်ရမည့် အချက်များကို ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြသည်။

**စောင့်ကြည့်သတင်းရယူ**

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ ဆပ်ကော်မတီအတွင်းရေးမှူးက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ နယ်စပ်ဂိတ်များ အပါအဝင် ပြည်နယ်ဝင်/ထွက်ဂိတ်များတွင် စိစစ်ဆောင်ရွက်နေမှုအခြေအနေများ၊ သံသယလူနာများ ရှာဖွေစောင့်ကြည့်သတင်းရယူမှု အခြေအနေများ၊ အသိပညာပေးခြင်းလုပ်ငန်းနှင့် Mask Campaign များပြုလုပ်သွားမည့် အစီအစဉ်များ၊ Community Based Facility Quarantine များပြင်ဆင်ထားရှိမှုများ၊ ဘဏ္ဍာငွေရှာဖွေရရှိမှုအခြေအနေများကို တင်ပြကြသည်။

ဆက်လက်၍ မြစ်ကြီးနားခရိုင်၊ မြို့နယ်နှင့် ဝိုင်းမော်မြို့နယ် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးနှင့် ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များက မြို့နယ်များအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေနှင့် Quarantine စင်တာများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ မြို့အဝင်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေနှင့် လိုအပ်ချက်များ၊ ပေါင်းစပ်ညှိနှိုင်းပေးရန်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ကောင်စီအဖွဲ့ဝင်များက သုံးသပ်ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အလေးထားလိုက်နာဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ လူမှုအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရေး၊ လိုအပ်ချက်များအပေါ် ပြည်နယ် ကော်မတီဝင်များနှင့် ဆပ်ကော်မတီ အဖွဲ့ဝင်များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အင်းနှင့် ပိုက်ချက်တင်ဒါများ (တတိယအကြိမ်) လေလံရောင်းချ

**မော်လမြိုင်ကျွန်း ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ၂၀၂၀ - ၂၀၂၁ ခုနှစ် အင်းလေလံနှင့် ပိုက်ချက်တင်ဒါများ(တတိယအကြိမ်) လေလံရောင်းချခြင်းအခမ်းအနားအား မော်လမြိုင်ကျွန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် ဇွန် ၂၈ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့်အဖွဲ့ဝင်များ ကြီးကြပ်၍ လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဝါဝါသိန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်နှင်းရီစိုးနှင့် လေလံဆွဲဝယ်ကြသည့် အင်းလုပ်သားကြီးများ တက်ရောက်ကြသည်။

အင်းဂရန်ပေါင်း ၃၅ အင်းအတွက် အခွန်ငွေကျပ်သိန်း ၉၂ ဒသမ ၅၀ ၊ တင်ဒါချက် ၉၅ ချက်၏ ချက်ခွဲ ၃၂၂ အတွက် တင်ဒါအခွန်ငွေကျပ်ပေါင်း ၄၆၆ ဒသမ ၀၆ သိန်းဖြင့် ရောင်းချခဲ့ပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးက ရေလုပ်သားများအား ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စစ်ကိုင်းခရိုင်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး


မုံရွာ ဇွန် ၂၈

**စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးဝင်းတင်စိုး၊ ဦးတင်သန်းဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၂၇ ရက်က စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် မာလဲတောကျေးရွာရှိ မိုးပျံနဂါးကုမ္ပဏီ ဘက်စုံမွေးမြူရေးခြံသို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ခံ ဦးသက်ပိုင်ဖြိုးက မိရိုးဖလာ နွား၊ ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ မိရိုးဖလာ နွား၊ ဝက်မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)

### ပေါင်းစပ်ဆောင်ရွက်ပေး

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အုန်းတောကျေးရွာရှိ သဇင်ပန်းကြက်မွေးမြူရေးခြံနှင့် ကျောက်ဆည်ကျေးရွာရှိ ဝက်မွေးမြူရေးခြံ တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိရာ ခြံတာဝန်ခံ ဦးဆန်းယုက ကြက်မွေးမြူထားရှိမှုအခြေအနေများနှင့် ဝက်မွေးမြူရေးခြံ မြေနေရာဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်သာကျေးရွာရှိ ငရုတ်၊ သီးနှံခြောက်နှင့် အမှုန့်အမျိုးမျိုး စက်ရုံသို့ ရောက်ရှိရာ ကုမ္ပဏီတာဝန်ခံမှ ပြည်တွင်းမှ တောင်သူများ စိုက်ပျိုးသော လယ်ယာထွက်ကုန်ကြမ်းများကို အသုံးပြုပြီး ထုတ်လုပ်ထားသော တန်ဖိုးမြှင့်ကုန်ချောများအား နိုင်ငံခြားဈေးကွက်သို့ တင်ပို့နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်စေရန် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ စီမံထုပ်ပိုးရန်၊ မှို၊ ဓာတုဆိုးဆေး များ ကင်းရှင်းရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့ကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စက်ရုံအတွင်း ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



### ဒေသမျိုးရင်းနွားမျိုးစိတ်များ သုတေသနပြု

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာရှိ ဒေသနွားမျိုးထိန်း၊ မျိုးပွားနှင့် တိရစ္ဆာန်အစာဖွံ့ဖြိုးရေး သုတေသနခြံသို့ရောက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက ဒေသနွားများ မွေးမြူထားရှိမှုနှင့် နွားမွေးမြူရေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများ၊ မျိုးကောင်းမျိုးသန့်များ ပျောက်ပျက်မသွားစေရေးအတွက် ဒေသမျိုးရင်းနွားမျိုးစိတ်များကို ဇီဝမှတ်တမ်းခွဲခြား သုတေသနမှတ်တမ်းပြုစုမှုများအား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဒေသနွားပြာစိမ်းမျိုးနွားများနှင့် ရွှေနီမျိုးနွားများ မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြောင်မြို့ မြို့နယ်ခန်းမတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက မြို့၏လိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တင်ပြကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# သုံးခွမြို့နယ်တွင် ကိုဗစ်-၁၉ ကျန်းမာရေးစောင့်ရှောက်မှုနေရာနှစ်ခုပြင်ဆင်ထား

**သုံးခွ ဇွန် ၂၈**

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိမှုတိုးလာသဖြင့် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အမှတ်(၅)ရပ်ကွက်ရှိ မဟာစည် သာသနာ့ရိပ်သာ၌ ၄၈ ဦးဆံ့နှင့် အမှတ် (၂)ရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာရိပ်သာတွင် ၆၀ ဆံ့ ရပ်ရွာအခြေပြုကျန်းမာရေး စောင့်ကြည့်မှုနေရာအဖြစ် နှစ်နေရာ စုစုပေါင်း ၁၀၈ ဦးအတွက် ကြိုတင်ပြင်ဆင် စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါ ရိပ်သာနှစ်ခုတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူနှင့် ထိတွေ့ဆက်စပ်ခဲ့သူများ၊ ရောဂါဖြစ်ပွားရာ နေရာဒေသများမှ ပြန်လာသူများအား ထားရှိမည်ဖြစ်ကြောင်း သိရှိရသည်။ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ တွေ့ရှိပါကလည်း ထားရှိရန် ဆေးရုံတွင် သီးသန့်အဆောင် နေရာတစ်ခု စီစဉ်ထားကြောင်း သိရသည်။

ဇွန် ၂၇ ရက်က မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရိပ်သာနှစ်ခုတွင် ဗီနိုင်းများ ချိတ်ဆွဲခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ သိရှိလိုက်နာနိုင်ရန် အသိပေးဗီနိုင်းပိုစတာသုံးခုအား သုံးခွမြို့အထွက်၊ မြို့မဈေးအနီးနှင့် အမှတ်(၉)ရပ်ကွက်၊ ကားကြီးဝင်းနေရာတို့တွင် စိုက်ထူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထို့ပြင် လမ်းမများပေါ်တွင် သွားလာနေကြသော ပြည်သူများအား နှာခေါင်းစည်းများ ဝေငှတပ်ဆင်ပေးခြင်း၊ အသိပညာပေးခြင်းများ ပြုလုပ်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# ပူတယ်လေ ဆယ်နေကဲချိန် လွန်မြောက်လိုပါသည်

**သူရိန်သော်**

**ပြီးခဲ့တဲ့ရက်က ဒဂုံမြို့သစ်တောင်ပိုင်း မူလတန်းကျောင်းမှာ ယူနီဆက်ဖ်ကလှူဒါန်းထားတဲ့ ကျောင်းသုံးပစ္စည်းတွေကို မီးရှို့ပစ်ကြတယ်ဆိုတဲ့ သတင်းကြားမိပါတယ်။ ကလေးတွေ ကျောင်းမတက်ရဲအောင်၊ နည်းလမ်းအမျိုးမျိုးနဲ့ အကြမ်းဖက်နေကြတာရဲ့ ပြယုဂ်တစ်ခုပါ။**

ကလေးတွေဆိုတာ မိုးဦးကျတာနဲ့ ကျောင်းသွားကြဖို့ ခတ်ကွင်းပြင်နေကြသူတွေ ဖြစ်ပါတယ်။ သူတို့ခမျာ ကိုဗစ်-၁၉ ကြောင့် ကျောင်းတော်ကြီးနဲ့ တစ်နှစ်လုံး ဝေးကွာခဲ့ရပြီး အခုလည်း ကိုဗစ်ကာလမှာ ကျောင်းတက်ဖို့ အခက်အခဲတွေကြားထဲက ကြိုးစားတက်ရတာပါ။ ကလေးနှစ်ဦး အစာအဆိပ်မိသေဆုံးသွားတဲ့သတင်း၊ ဆရာ ဆရာမတွေ လက်နက်သင့်တဲ့ သတင်း၊ စစ်ဘေးရှောင်ကလေးတွေ တောထဲမှာ လေးတိုင်စင်နဲ့ပညာသင်ယူနေကြရတဲ့ သတင်းနဲ့ မြို့ပေါ်က ကလေးတွေ ဖုန်းနဲ့ မျက်နှာမခွာဘဲ အချိန်ကုန်စိတ်လေနေကြရတဲ့သတင်းမျိုးကိုလည်း သိရတဲ့အခါ သွေးထိုးမြှောက်ပင့်သူတွေကို စိတ်ကုန်မိပါတယ်။

**စာသင်ခန်းမှာရှိနေရမယ့်ကလေးတွေဟာ စာသင်ခန်းနဲ့ အချိန်ကြာကြာဝေးကွာရရင် ဘယ်လိုဆိုးကျိုးတွေ ဖြစ်လာနိုင်မလဲဆိုတာ တွေးကြည့်ရုံနဲ့တင် ရတက်မအေးစရာပါ။ မိမိတို့နိုင်ငံက ပြည့်စုံကြွယ်ဝတဲ့နိုင်ငံ မဟုတ်သေးပါဘူး။ ကပ်ရောဂါကြောင့် စီးပွားရေးကျပ်တည်းနေရတဲ့အခြေအနေမှာ တိုင်းရေးပြည်ရေးက မငြိမ်သက်တဲ့အတွက် လူတိုင်းကိုယ်စီမှာ အပူမီးတွေ တောက်လောင်နေကြရပါတယ်။ ဒီအထဲမှာမှ ကျောင်းသားမိဘတိုင်း မိမိတို့သားသမီးတွေ ပညာသင်ဖို့ အခက်အခဲဖြစ်ရတာဟာ အဆိုးတကာ့အဆိုးဆုံး ဖြစ်ပါလိမ့်မယ်။**

မိမိတို့ပြည်သူတွေ တိုင်းပြည်ထဲမှာ ဒုက္ခခံဖြတ်သန်းနေရချိန် တော်လှန်ရေးအကြောင်းပြ နိုင်ငံရေးခိုလှုံခွင့်တွေ တောင်းခံပြီး ဘဝအခြေအနေ ကောင်းသွားကြသူတွေ ဒုနဲ့ဒေးပါပဲ။ အဝေးရောက်သူတွေက ပြည်သူတွေကို ဘယ်လိုလုပ်ကြပါ၊ ဘယ်လိုအားတင်းထားပါဆိုပြီး ဥပဒေမဲ့လုပ်ရပ်တွေကို ကျူးလွန်ခိုင်းနေကြပြန်ပါတယ်။

တာဝန်ယူမှုမရှိ၊ ပရမ်းပတာ အပြောအဆိုတွေတိုင်းဟာ တိုင်းပြည်ထိခိုက်စေမယ့် အရာတွေပဲ ဖြစ်ပါတယ်။ အဝေးရောက်တရားမဝင် အကြမ်းဖက်အဖွဲ့တွေနဲ့ သူတို့ရဲ့ အပေါင်းပါတွေဟာ လူငယ်တွေကိုမြှောက်ပေးပြီး အရှေ့က ထွက်ခိုင်းတယ်။ ပစ်ကြခတ်ကြတဲ့ အချိန်မှာ အဲဒီလိုလူတွေ မရှိကြတော့ဘူး။ လက်နက်ကိုင်မှရမယ်ဆိုပြီး တောခိုခိုင်းတယ်။ ဂျန်-ဇီတွေ တောထဲရောက်ချိန်မှာ မြှောက်ပင့်ပေးသူတွေ မပါသွားခဲ့ပါဘူး။ နိုင်ငံ့ဝန်ထမ်းတွေကို အလုပ်မဆင်းခိုင်းဘူး။ တကယ်တမ်းတော့ ဝန်ထမ်းတွေရဲ့ ဘဝကို လုံခြုံမှု သူတို့ မပေးနိုင်ခဲ့ပါဘူး။ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေနဲ့ အခြေခံပညာကျောင်းသား ကျောင်းသူတွေကို ကျောင်းမတက်ကြဖို့ ကြိုးစားကြပြန်ပါတယ်။ ဒါတွေက ပြည်သူကောင်းဖို့၊ ဒီမိုကရေစီရရှိဖို့ဆိုတဲ့ မျှော်လင့်ချက်အမှားတွေနဲ့ ပြည်သူကို အဆိပ်သင့်စေတာပဲဖြစ်ပါတယ်။

### လူမှုကွန်ရက်က မီးကြွင်းမီးကျန်

နိုင်ငံပိုင်ရုပ်သံတွေနဲ့ သတင်းစာတွေမှာ နေ့စဉ်သတင်းတွေကို ထုတ်လွှင့်ဖော်ပြနေပေမယ့် လူမှုကွန်ရက်မှာ သတင်းမှား၊ မျှော်လင့်ချက်မှားတွေက အားကောင်းနေဆဲပါပဲ။ အများစုက ပကတိ အခြေအနေမှန်နဲ့ဝေးကွာပြီး လူမှုကွန်ရက်က သတင်းမှားနဲ့လုပ်ကြံ ဖန်တီးထားတဲ့ တစ်ဝက်တစ်ပျက် သတင်းတုတွေကို ပြည်သူအများစုက ယုံကြည်နေကြဆဲဖြစ်တာကို မြင်တွေ့နေရပါတယ်။

ပြည်တွင်းဆန္ဒပြမှုတွေရဲ့ အစကိုက လူမှုကွန်ရက်ကတစ်ဆင့် လှုံ့ဆော်သွေးထိုးရာက စတင်ခဲ့တာပါ။ ရှန်းထွက်သပိတ်၊ အသံတိတ်သပိတ်၊ အမှိုက်သပိတ်၊ လုံချည်သပိတ်၊ ပန်းသပိတ် စတဲ့သပိတ်အားလုံးကို လူမှုကွန်ရက်ကနေ လှုံ့ဆော်ကြတာပဲ ဖြစ်ပါတယ်။ ကြာမြင့်လာတဲ့အခါ လှုံ့ဆော်မှုတွေက ပြည်သူတွေကို ရင်မခုန်စေတော့ပါဘူး။ ပြည်သူတွေကို မဖြစ်နိုင်တဲ့ မက်လုံးတွေနဲ့ လှုံ့ဆော်မှုတွေက ခရီးမရောက်တဲ့အခါ အဖျက်သမားတွေက ရှေးရိုးပြည်ဖျက်တွေနည်းတူ တော်လှန်ရေးခေါင်းစဉ်နဲ့ တောခိုကြဖို့၊ မြို့ကြီးတွေမှာလည်း မငြိမ်မသက်မှုကြာရှည်အောင် အကြမ်းဖက်တိုက်ခိုက်ကြဖို့ လူငယ်တွေကို မြှောက်ပင့်ပေးတော့တာပါပဲ။

**စာသင်ကျောင်းတွေကို ဗုံးခွဲတာ၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်တာ၊ အများပြည်သူ မနေရဲအောင် ရပ်ထဲရွာထဲ မိုင်းခွဲတာ၊ လက်လုပ်မိုင်းနဲ့ ပစ်တာတွေကို တော်လှန်ရေးသမား ဂျန်-ဇီတွေ မလုပ်ကြဘဲ အဲဒါက တပ်မတော်နဲ့ ထောက်ခံသူတွေက တစ်ဖက်လှည့်နဲ့လုပ်ကိုင်ကြတယ်ဆိုပြီး ဝါဒဖြန့်ကြတာ မကြားချင်မှ အဆုံးပါပဲ။ ဒါဆိုရင် ဘာကြောင့် လူငယ်တွေ တောခိုကြပါသလဲ၊ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတွေ တက်ရောက်ကြပါသလဲ။ လက်နက်နဲ့တကွ ဖမ်းဆီးရမိတဲ့၊ အမှားကိုမြင်သိခံစားပြီး ဝန်ခံထားကြတဲ့ ဂျန်-ဇီတွေ များစွာပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ အယူအဆမတူ၊ ခံယူချက်မတူတိုင်း သတ်ဖြတ်ပစ်ဖို့အထိရည်ရွယ်ပြီး အုပ်ချုပ်မှုယန္တရား ပျက်ယွင်းအောင်၊ တိုင်းပြည်မအေးချမ်း၊ မငြိမ်သက်ဘဲ ပျက်သုဉ်းအောင် လုပ်ဆောင်မှုတွေရဲ့ ရည်ရွယ်ချက်ဟာ ဒီမိုကရေစီအတွက်ဆိုပြီး တွင်တွင်အော်နေကြတဲ့ အကြမ်းဖက်ဝါဒီ လက်သစ်တွေရဲ့ တိုင်းပြည်ဖျက်ဆီးရေး စီမံချက်ပဲ ဖြစ်ပါတယ်။**

### အကြောင်းရှိလို့ အကျိုးဖြစ်လာရတယ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူစဉ်ကတည်းက မဲမသမာမှုကြောင့် လုပ်ဆောင်ခဲ့ရတဲ့ဖြစ်စဉ်ကို ရှင်းလင်းပြောကြားထားခဲ့ပါတယ်။ အကယ်၍သာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲက မှန်ကန်ဖြောင့်မတ်ခဲ့မယ်ဆိုရင် ဒီလိုအခြေအနေ ရှိမလာခဲ့ပါဘူး။ မဲစာရင်းတွေ ပြန်စစ်ဆေးပေးဖို့ တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေ တောင်းဆိုရာ၊ လစ်ဟာချက်တွေကို ထောက်ပြခဲ့ရာမှာလည်း မထီမဲ့မြင် ဂရုမပြုခဲ့တာတွေရဲ့ အကျိုးဆက်ပဲ မဟုတ်ပါလား။

လက်ရှိမှာ မဲစာရင်းကွာဟမှုတွေအပြင် မိမိတို့နိုင်ငံရဲ့ အရေးကြီးတဲ့ဦးဆောင်မှုနဲ့ ဝန်ကြီးဌာနဆိုင်ရာ ဆောင်ရွက်မှုတွေမှာ နိုင်ငံခြားသားအကြံပေးတွေ ခန့်အပ်တာ၊ တိုင်းပြည်လုံခြုံရေးအတွက်ထားရှိသင့်တဲ့ ဥပဒေတွေကို ပြုပြင်ဖယ်ရှားတာ၊ ပြည်သူအများစု ကိုးကွယ်ယုံကြည်တဲ့ ဘာသာတရားကို မထီမဲ့မြင်ပြုတာ၊ နိုင်ငံတော်တိုးတက်ရေးထက် လူတစ်စုကောင်းစားရေးကိုသာရှေးရှုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေး အစရှိတဲ့ ကဏ္ဍတိုင်းမှာ ဆုတ်ယုတ်ရတာတွေကို သတိပြုမိတဲ့ ပြည်သူတွေလည်း အများကြီးရှိပါတယ်။

### တိုင်းပြည်သမိုင်း မရိုင်းကြစေလို

လမ်းမှားရောက်ပြီး တောထဲတောင်ထဲ ရောက်သွားတဲ့ လူငယ်တွေ ဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေကြရတာကို လူမှုကွန်ရက်တွေမှာ မြင်တွေ့နေရပါတယ်။ လောကကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးအတွက် ဉာဏအားနဲ့ သင်ယူကြံဆကြရမယ့်အစား မိမိအတွက်ရော၊ တိုင်းပြည်အတွက်ပါ အကျိုးမဲ့ ပျက်သုဉ်းစေမယ့် လူသတ်လက်နက်တွေကိုင်စွဲနေကြတာက ဒီမိုကရေစီကျင့်စဉ် မဟုတ်ပါဘူး။ အဲဒီအချိန်မှာ မြှောက်ပင့်ပေးသူတွေက ဒီမိုကရေစီ အရေခြုံပြီး ကမ္ဘာအနှံ့ ခြေဆန့်နေကြပါပြီ။

ပါတီဝင်တွေ၊ ပါတီထောက်ခံသူတွေ၊ အကျိုးအကြောင်း အဆိုးအကောင်းကို ဂဃနဏ သေချာမသိဘဲ သူများယောင်လို့ လိုက်ယောင်နေသူတွေအနေနဲ့ ရပ်တည်ချက်မတူတိုင်း ရန်သူလို့ သတ်မှတ်လုပ်ဆောင်နေကြတာက ပြည်သူကို ပိုပင်ပန်းစေခဲ့ပါပြီ။

နိုင်ငံရေးပါးမဝတဲ့ လူငယ်တွေရဲ့ သွေးချွေးတွေ၊ ပြည်သူတွေရဲ့ ပင်ပန်းဆင်းရဲမှု၊ တိုင်းပြည် ထိခိုက်နစ်နာမှု၊ ဝန်ထမ်းတွေ အလုပ်ပြုတ်၊ ကျောင်းသားတွေ ပညာသင်ခွင့်မရမှုတွေ စတဲ့အရာတွေအပေါ်မှာ နိုင်ငံရေးသမားတွေကပဲ အညွန့်ခူးစားသုံးသွားကြတာ ဖြစ်ပါတယ်။ တိုင်းပြည်ဟာ အဲဒီကိုယ်ကျိုးရှာသူတွေကြောင့် ထိခိုက်ခံစားနေရတာတွေကို မိမိတို့နိုင်ငံသားတွေအားလုံး အမှားကို အမှန်မြင်ပြီး အမြန်ဆုံး ဝိုင်းဝန်းပြန်လည်တည့်မတ်ပေးဖို့ လိုအပ်နေတဲ့အချိန်ပဲ ဖြစ်ပါကြောင်း။ ။

**“စာသင်ခန်းမှာရှိနေရမယ့် ကလေးတွေဟာ စာသင်ခန်းနဲ့ အချိန်ကြာကြာ ဝေးကွာရရင် ဘယ်လိုဆိုးကျိုးတွေ ဖြစ်လာနိုင်မလဲဆိုတာ တွေးကြည့်ရုံနဲ့တင် ရတက်မအေးစရာပါ။ မိမိတို့နိုင်ငံက ပြည့်စုံကြွယ်ဝတဲ့နိုင်ငံ မဟုတ်သေးပါဘူး။ ကပ်ရောဂါကြောင့် စီးပွားရေး ကျပ်တည်းနေရတဲ့ အခြေအနေမှာ တိုင်းရေးပြည်ရေးက မငြိမ်သက်တဲ့အတွက် လူတိုင်းကိုယ်စီမှာ အပူမီးတွေ တောက်လောင်နေကြရပါတယ်။ ဒီအထဲမှာမှ ကျောင်းသားမိဘတိုင်း မိမိတို့ သားသမီးတွေ ပညာသင်ဖို့ အခက်အခဲဖြစ်ရတာဟာ အဆိုးတကာ့ အဆိုးဆုံး ဖြစ်ပါလိမ့်မယ်”**

❑ **စာသင်ကျောင်းတွေကို ဗုံးခွဲတာ၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်တာ၊ အများပြည်သူ မနေရဲအောင် ရပ်ထဲရွာထဲ မိုင်းခွဲတာ၊ လက်လုပ်မိုင်းနဲ့ပစ်တာတွေကို တော်လှန်ရေးသမား ဂျန်- ဇီတွေ မလုပ်ကြဘဲ အဲဒါက တပ်မတော်နဲ့ ထောက်ခံသူတွေက တစ်ဖက်လှည့်နဲ့ လုပ်ကိုင်ကြတယ်ဆိုပြီး ဝါဒဖြန့်ကြတာ မကြားချင်မှ အဆုံးပါပဲ။ ဒါဆိုရင် ဘာကြောင့် လူငယ်တွေ တောခိုကြပါသလဲ၊ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတွေ တက်ရောက်ကြပါသလဲ။ လက်နက်နဲ့တကွ ဖမ်းဆီးရမိတဲ့၊ အမှားကိုမြင်သိခံစားပြီး ဝန်ခံထားကြတဲ့ ဂျန်- ဇီတွေ များစွာပေါ်ထွက်လာခဲ့ပြီ ဖြစ်ပါတယ်။ အယူအဆမတူ၊ ခံယူချက်မတူတိုင်း သတ်ဖြတ်ပစ်ဖို့အထိရည်ရွယ်ပြီး အုပ်ချုပ်မှုယန္တရား ပျက်ယွင်းအောင်၊ တိုင်းပြည်မအေးချမ်း၊ မငြိမ်သက်ဘဲ ပျက်သုဉ်းအောင် လုပ်ဆောင်မှုတွေရဲ့ ရည်ရွယ်ချက်ဟာ ဒီမိုကရေစီအတွက်ဆိုပြီး တွင်တွင်အော်နေကြတဲ့ အကြမ်းဖက်ဝါဒီလက်သစ်တွေရဲ့ တိုင်းပြည်ဖျက်ဆီးရေးစီမံချက်ပဲဖြစ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်ကြီး ဒေါ်အေးသဇင်မြင့်က MRTV မှ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ပါသည်-

**မေး ။ ။ ဒီနေ့ ဇွန်လ ၂၇ ရက် မွန်းလွဲပိုင်းက ဂန့်ဂေါမြို့မှ ကလေးမြို့ဘက်ကိုသွားတဲ့ နစက ဘက်က တပ်သား အင်အား ၅၀ ပါ စစ်ကား ၃ စီးကို ကလေး PDF က ချုံခိုတိုက်ခိုက်ခဲ့ပြီး စစ်သား ၉ ဦး ကျဆုံးတယ်ဆိုပြီး ခေတ်သစ်မီဒီယာက ဖော်ပြထားတာကို တွေ့ရပါတယ်။ အဲဒီသတင်းကို အတည်ပြုပေးစေလိုပါတယ်။**




ဗိုလ်ကြီး ဒေါ်အေးသဇင်မြင့် MRTV မှ မေးမြန်းမှုကို ဖြေကြားစဉ်။




ဖြေ ။ ။ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်လုံခြုံရေး ဆောင်ရွက်လျက်ရှိစဉ် ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ကလေး- ဂန့်ဂေါသွားကားလမ်း ကလေးမြို့နယ်၊ နတ်ချောင်းကျေးရွာအကျော်မှာ အကြမ်းဖက်လက်နက်ကိုင်များက လက်နက်ငယ်၊ တူမီးသေနတ်များနဲ့ ပစ်ခတ်တဲ့အတွက် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ အကြမ်းဖက်လက်နက်ကိုင်များက ဆယ်မိနစ်လောက်ပဲ နှောင့်ယှက်ပစ်ခတ်ခဲ့ပြီး အနောက်ဘက်ကို ထွက်ပြေးသွားခဲ့ပါတယ်။ စစ်ကား ၃ စီးကို ကလေး PDF က ချုံခိုတိုက်ခိုက်ခဲ့ပြီး စစ်သား ၉ ဦး ကျဆုံးတယ်ဆိုတဲ့ Khit Thit Media ရဲ့ သတင်းကတော့ သတင်းအမှားဖြစ်ပါတယ်။

**မေး ။ ။ မရမ်းကုန်းမြို့၊ ဘုရင့်နောင်တံတားအနီး သမိုင်း ၁ ရပ်ကွက် လဝကရုံးနောက်ကျောတွင် ဗုံးပေါက်ကွဲပြီးနောက် တပ်မတော်က ရပ်ကွက်ထဲထိ ဝင်ရောက်ပစ်ခတ်မှုများ ရှိကြောင်း ခေတ်သစ်သတင်းမီဒီယာမှ ဖော်ပြထားရှိမှုကို အခြေအနေမှန် သိလိုပါတယ်။**

ဖြေ ။ ။ ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ် ၁ ရပ်ကွက် ဗိုလ်ချုပ်လမ်းနဲ့ ၁၂ လမ်းထောင့်၌ လက်လုပ်ဗုံး ၁ လုံး ပေါက်ကွဲကြောင်း သတင်းရရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလာသော မော်တော်ယာဉ်အနီး လက်လုပ်ဗုံး ၁ လုံး ထပ်မံပေါက်ကွဲခဲ့ပါတယ်။ အဆိုပါ လက်လုပ်ဗုံးအား Honda Fit (အဖြူရောင်) ယာဉ်တစ်စီးက ၁၂ လမ်းဘက်မှ မောင်းဝင်လာကာ




ဗိုလ်ချုပ်လမ်းပေါ်၌ ပစ်ချထားခဲ့ပြီး မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်းနဲ့ အဝေးမှဖုန်းဖြင့် ဖောက်ခွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ယာဉ်မှာ အနည်းငယ်ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦးနဲ့ ပြည်သူ ၁ ဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပါတယ်။ လက်လုပ်ဗုံး ဖောက်ခွဲခဲ့သည့် ယာဉ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ ရှာဖွေလျက်ရှိပြီး ရပ်ကွက်အတွင်း ဘာပစ်ခတ်မှုမှမရှိကြောင်း ပြောလိုပါတယ်။

# လတ်တလော မြန်မာ့ရွှေဈေးနှုန်း တည်ငြိမ်လျက်ရှိ

**ရန်ကုန် ဇွန် ၂၈**

ကိုဗစ်- ၁၉ ကမ္ဘာ့ရောဂါကာလအတွင်း မြန်မာ့ရွှေဈေးနှုန်းမှာ ယခင်လများထက် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းမှ သိရသည်။

ကိုဗစ်- ၁၉ ပထမလှိုင်းတွင် ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂ သိန်းကျော် ရှိခဲ့ပြီး ဒုတိယလှိုင်းတွင် ငွေကျပ် ၁၅ သိန်းကျော်အထိ တရိပ်ရိပ်မြင့်တက်ခဲ့ရာ ယခုအခါ ပြန်လည်တည်ငြိမ်မှုဖြင့် ရွှေဈေးနှုန်းလည်းပတ်လျက်ရှိသည်။ ကမ္ဘာ့ဒေါ်လာဈေးနှင့် ရွှေဈေးနှုန်း အတက်အကျမှာ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအတက်အကျကို သွယ်ဝိုက်၍ သက်ရောက်မှုရှိသည်။ မြန်မာနိုင်ငံအတွင်း ရွှေဈေးနှုန်း တည်ငြိမ်မှုသည် ပြည်တွင်း စားသောက်ကုန်နှင့် ယင်းနှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းတို့ကို အကျိုးပြုနေသောကြောင့် ယနေ့ ရွှေဈေးနှုန်း တည်ငြိမ်မှုမှာ ပြည်တွင်း စီးပွားရေးလုပ်ငန်းများ လည်ပတ်နိုင်မှုကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။



“ ဒေါ်လာနဲ့ ရွှေဈေးဟာ တစ်ဖက်နဲ့တစ်ဖက် ချိန်ဆပြီး ရောင်းကြဝယ်ကြတာပါ။ ဒေါ်လာဈေးဟာလည်း ရွှေဈေးအပြောင်းအလဲပေါ်မှာ အဓိကလည်းကျနိုင်ပါတယ်။ ဈေးနှုန်းတည်ငြိမ်အောင် ဆက်လက်ထိန်းသိမ်းသွားမှာပါ။ ရွှေရှိမှရောင်း၊ ငွေရှိမှဝယ် ပုံစံနဲ့ ရွှေထိငွေထိလက်ငင်း အရောင်းအဝယ် လုပ်ဆောင်နေပါတယ်။ ပြည်တွင်း ရွှေဈေးတည်တည်ငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်မယ်လို့ မှန်းပါတယ်။ ပြီးတော့အသင်းအနေနဲ့ရွှေကို ကြိုရောင်း ကြိုဝယ် ပုံစံကိုခွင့်မပြုဘဲ လက်ငင်းအရောင်းအဝယ်ပဲ ခွင့်ပြုထားပါတယ် ”ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းမှ အထွေထွေ အတွင်းရေးမှူး ဦးဝင်းမြင့်ကပြောသည်။

မြန်မာ့ရွှေဈေးမှာ ဧပြီလ နောက်ဆုံးပတ်က တစ်ကျပ်သားလျှင် ငွေကျပ် ၁၇၁၀၀၀၀ အထိ ဈေးရှိခဲ့ပြီး ယနေ့ပေါက်ဈေးမှာ ညနေပိုင်းတွင် ငွေကျပ် ၁၅၇၂၀၀၀ ဈေးဖြင့် တည်ငြိမ်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံရေး အပြောင်းအလဲနှင့် ကမ္ဘာ့ဘဏ်စနစ်များ ပြောင်းလဲမှုအပေါ် ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးမှာ ပြောင်းလဲတတ်ပြီး ရွှေဈေးနှုန်းကို လပိုင်းနှင့် နှစ်ပိုင်းအတွက် ခန့်မှန်းလေ့မရှိဘဲ တစ်ပတ်အတွင်းသာ ရွှေဈေးနှုန်း အပြောင်းအလဲကို အရောင်းအဝယ်တွင် ခန့်မှန်းလေ့ရှိသည်။

ရန်ကုန်တိုင်း ဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းအနေဖြင့် ရွှေဈေးတည်ငြိမ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ လတ်တလောတွင် မြန်မာ့ရွှေဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ၊ ဓာတ်ပုံ- ကနူး**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲဖွင့်

**နေပြည်တော် ဇွန် ၂၈**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ကိုးသင်း၊ အမျိုးသမီးအသင်းရှစ်သင်းတို့ဖြင့် ဇူလိုင် ၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ဖလော်ရီဒါတွင် ကွန်ဒိုတစ်ခြမ်းပြိုကျမှုကြောင့် လူကိုးဦးသေဆုံးကြောင်း အတည်ပြု

**ဖလော်ရီဒါ ဇွန် ၂၈**

အမေရိကန်တောင်ပိုင်းပြည်နယ် ဖလော်ရီဒါတွင် ကွန်ဒိုအဆောက်အအုံတစ်စိတ်တစ်ပိုင်း ပြိုကျခဲ့မှုအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး သေဆုံးသူ ကိုးဦးရှိသည်ဟု အတည်ပြုခဲ့သည်။

ပျောက်ဆုံးနေသူ ၁၅၀ ကျော်ရှိသည်။ မိုင်ယာမီအနီးရှိ အထပ် ၁၂ ထပ်မြင့်သည့် ကွန်ဒိုအဆောက်အအုံမှာ ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ပြိုကျခဲ့ခြင်းဖြစ်ပြီး ဇွန် ၂၇ ရက်တွင် သေဆုံးသူစာရင်းကို ဒေသခံအာဏာပိုင်များက ပြင်ဆင်ခဲ့သည်။ အသက်ရှင်ကျန်သူများကို ရှာဖွေနိုင်ရေးအတွက် ရှာဖွေရေးခွေးများနှင့် အသေးစားကင်မရာများကို အသုံးပြုကာ ရှာဖွေခဲ့ကြသည်။

သို့သော်လည်း မီးခိုးမှုန်များကြောင့် ရှာဖွေရေးလုပ်ငန်းများတွင် အနှောင့်အယှက် အဟန့်အတားဖြစ်ခဲ့ရသည်။ မြို့တော်ဝန် ချာလီဘာကက်ကမူ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်နေပြီး ၂၄ နာရီ မရပ်မနား ပြုလုပ်နေသည်ဟု ပြောသည်။ ပိတ်မိနေသူများကို ကယ်ဆယ်ပြီးသည်အထိ ရှာဖွေမှုများကို ဆက်လက်လုပ်ဆောင်မည်ဟု ၎င်းကဆက်ပြောသည်။



အပျက်အစီးများကြားမှ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နေစဉ်။

အနီးအနားရှိ အဆောက်အအုံဘေးတွင်လည်း ပျောက်ဆုံးနေသူများ၏ ဓာတ်ပုံများကို ကပ်ထားကြသည်။ အဆိုပါကွန်ဒိုအဆောက်အအုံမှာ လွန်ခဲ့သည့် အနှစ် ၄၀ က ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အီရတ်နှင့် ဆီးရီးယားတို့တွင် ပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း စစ်သွေးကြွ ငါးဦးသေဆုံး

**ဒမတ်စကတ် ဇွန် ၂၈**

အီရတ်-ဆီးရီးယားနယ်စပ်ဒေသတွင် အမေရိကန်ဘက်မှ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ စစ်သွေးကြွများဘက်မှ လူ ငါးဦးထက်မနည်းသေဆုံးခဲ့သည်ဟု ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်ရေးအုပ်စုက ပြောသည်။

အဆိုပါဒေသရှိ အီရန်က ကျောထောက်နောက်ခံပြုထားသည့်စစ်သွေးကြွများကို လေကြောင်းမှတစ်ဆင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ဇွန် ၂၇ ရက်တွင် ပြောသည်။ ဆီးရီးယားနိုင်ငံရှိ လက်နက်များထားရှိရာနေရာ နှစ်နေရာနှင့် အီရတ်နိုင်ငံရှိ လက်နက်ထားရှိရာ တစ်နေရာတို့ကို ပစ်မှတ်ထားတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ပင်တဂွန်မှပြောရေးဆိုခွင့်ရှိသူ ဂျွန် ကာဘီက ပြောသည်။ အီရန်ကကျောထောက်နောက်ခံပေးထားသည့် စစ်သွေးကြွများကို ပစ်မှတ်ထားကာတိုက်ခိုက်မှုပြုလုပ်ရန်အတွက် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ညွှန်ကြားခဲ့သည်ဟု ၎င်းကဆက်ပြောသည်။

**ဆင်ဟွာ**

# ဗီဇပြောင်းကိုဗစ်-၁၉ ဒယ်လ်တာကြောင့် တောင်အာဖရိကတွင် တင်းကျပ်မှုများလုပ်ဆောင်

**ဂျိုဟန်နက်စ်ဘာ့ဂ် ဇွန် ၂၈**

တောင်အာဖရိကနိုင်ငံတွင် ကူးစက်မြန် ဗီဇပြောင်း ကိုဗစ်-၁၉ ဒယ်လ်တာ ကူးစက်မှုအန္တရာယ်ကြောင့် တတိယအကျော့ ရိုက်ခတ်မှုကို အမြစ်ဖြတ်ရန်အတွက် ပြည်သူများ၏ သွားလာလှုပ်ရှားမှုကို ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။

တောင်အာဖရိက သမ္မတ စီရယ်ရမ်မာဖိုဆာက ဇွန် ၂၇ ရက်တွင် ပြည်သူများကို မိန့်ခွန်းပြောကြားစဉ် တောင်အာဖရိက၌ တွေ့ရှိရသည့် ဗီဇပြောင်း ဗီတာနေရာတွင် အိန္ဒိယတွင်တွေ့ရှိရသည့်ဗီဇပြောင်း ဒယ်လ်တာက အစားထိုး ဝင်ရောက်လာပြီဟု ပြောကြားခဲ့သည်။ ယခင် ပထမအကျော့နှင့်ဒုတိယအကျော့ထက် တတိယအကျော့မှာ ပို၍ပြင်းထန်လိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ကာကွယ်ဆေးမထိုးမီစောင့်ဆိုင်းနေကြသည့် ကျန်းမာရေးဝန်ထမ်းများကိုတွေ့ရစဉ်။

လက်ရှိတွင် တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ်တွင်လည်း စိုးရိမ်မှုရှိသည်ဟု ၎င်းကပြောသည်။ အစိုးရသည် လူစုလူဝေးပြုလုပ်မှုများအားလုံးကိုပိတ်ထားပြီး စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခြင်းကိုလည်း ပိတ်ပင်ထားသည်။ ထို့ပြင် ဂေါက်တင်မြို့တွင်မြို့ပြင် ခရီးသွားလာမှုများကိုလည်း အစိုးရက ပိတ်ပင်ထားသည်။ သီတင်းနှစ်ပတ်ကြာ အဆိုပါစည်းကမ်းများကို လိုက်နာကြရန်လည်း တောင်အာဖရိကသမ္မတက ပြည်သူများကို လေးလေးနက်နက် တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ငြိမ်းချမ်းရေးသဘောတူညီမှုကို လေးစားရန် အမေရိကန်ကို တာလီဘန်များတိုက်တွန်း

**ဝါရှင်တန် ဇွန် ၂၈**

လွန်ခဲ့သည့်နှစ်အတွင်းက နှစ်ဖက်စလုံးမှသဘောတူထားသည့် ငြိမ်းချမ်းရေးသဘောတူညီမှုကို အမေရိကန်ပြည်ထောင်စုမှ လေးစားလိုက်နာရန်အတွက် ဆက်လက်တိုက်တွန်းမည်ဟု တာလီဘန်အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

တာလီဘန်များသည် နောက်ကွယ်တွင်လည်း အမေရိကန်နှင့် စေ့စပ်ညှိနှိုင်းမှုများရရှိအောင်ပြုလုပ်နေသည်ဟု ဆူဟေးရှာဟင်က ပြောသည်။ တာလီဘန်အဖွဲ့ဝင်များအပေါ်ထားရှိထားသည့် ကုလသမဂ္ဂ၏ ပိတ်ဆို့မှုကိုဖြေလျှော့ပေးရန်နှင့် ဖမ်းဆီးခံထားရသည့် တာလီဘန်အကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရေးအတွက် အမေရိကန်ဘက်မှ ကူညီလုပ်ဆောင်ပေးရေး ဆက်လက်တောင်းဆိုမည်ဟု ၎င်းကဆက်ပြောသည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းမှစတင်ကာ တာလီဘန်နှင့် အမေရိကန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး နိုင်ငံရေးစနစ်အပေါ် သဘောထားကွဲလွဲမှုများနှင့် အပစ်အခတ်ရပ်စဲရေးအတွက်သဘောထားကွဲလွဲမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။ အာဖဂန်အစိုးရနှင့် တာလီဘန်တို့အကြား တိုက်ပွဲများ ဆက်လက် ရှိနေဆဲဖြစ်သည်။ ခြောက်လတာကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် အရပ်သား သေဆုံးသူ ၁၄၆၇ ဦးရှိသည်ဟု ကုလသမဂ္ဂက ပြောသည်။ အမေရိကန်နှင့် တာလီဘန်တို့၏ သဘောတူညီချက်မှာ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိစေရေး ရည်ရွယ်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပေါက်ကွဲမှုအပြီး အဆောက်အအုံပြိုကျမှုကြောင့် ခုနစ်ဦးသေဆုံး

**ဒါကာ ဇွန် ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် ဇွန် ၂၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အဆောက်အအုံပြိုကျခဲ့ရာ လူ ခုနစ်ဦး သေဆုံးခဲ့ပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ပေါက်ကွဲမှုအတွင်း လူခုနစ်ဦးသေဆုံးခဲ့သည်ဟု ဒါကာရဲဌာနမှ ကော်မရှင်နာ ရှာဖီကွယ်အစ္စလမ်က ပြောသည်။ ဒဏ်ရာရရှိသူ ၅၀ ထက်မနည်းရှိသည်ဟု သိရသည်။ ပေါက်ကွဲမှုဖြစ်စဉ်မှာ ည ၇ နာရီခွဲဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဆိုးဆိုးရွားရွားပျက်စီး**

အဆောက်အအုံအတွင်း စားသောက်ဆိုင်များနှင့် ဈေးဆိုင်များ၊ နေအိမ်များရှိသည့်အတွက် မည်သည့်အတွက်ကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ကိုမူ မသိရသေးကြောင်း ၎င်းကဆက်ပြောသည်။ ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဘတ်စ်ကားနှစ်စီးလည်း ဆိုးဆိုးရွားရွားပျက်စီးခဲ့ရသည်။

**ဆင်ဟွာ**



ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံသို့ ဆီနိုဗက် တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးများရောက်ရှိ

ဖနောင်ပင် ဇွန် ၂၈

**ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ ဆီနိုဗက်ဘိုင်အိုတက်ခ်မှ ဝယ်ယူခဲ့သော ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ကမ္ဘောဒီးယားမြို့တော် ဖနောင်ပင်သို့ ဇွန် ၂၈ ရက်က ရောက်ရှိလာကြောင်း နိုင်ငံပိုင် ကမ္ဘောဒီးယားအမျိုးသားရုပ်သံက သတင်းဖော်ပြခဲ့သည်။**

ကမ္ဘောဒီးယားနိုင်ငံ၏ ဆီနိုဗက်ကိုဗစ်-၁၉ ကာကွယ်ဆေးကိုရရှိခြင်းသည် ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နီးကပ်သော ဆက်သွယ်မှုရှိခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုရှိခြင်း သက်သေတစ်ခုပင်ဖြစ်သည်။

ကာကွယ်ဆေးများသည် အဓိကအရေးပါသော မဟာဗျူဟာမြောက် အဖြေတစ်ခုပင်ဖြစ်ကြောင်းနှင့် ပြည်သူများ၏အသက်ကို ကာကွယ်နိုင်ပြီး စီးပွားရေးနှင့် လူမှုရေးဆောင်ရွက်ချက်များကို အလုံးစုံပြန်လည်ကောင်းမွန်စေနိုင်ကြောင်း တိုက်ရိုက်တင်ဆက်မှုအစီအစဉ်တွင် ကမ္ဘောဒီးယား အမျိုးသားရုပ်သံက သတင်းဖော်ပြခဲ့သည်။

တရုတ်-ကမ္ဘောဒီးယား ကိုဗစ်-၁၉ ပူးတွဲတိုက်ဖျက်မှုသည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာပုံစံတစ်ခုဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံရှိ တရုတ်သံရုံးက အတည်ပြုပြောကြားခဲ့သည်။

အသစ်ထပ်မံရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးကောင်းစေရမည်ဆိုသည့် တရုတ်နိုင်ငံ၏ ကတိကဝတ်တစ်ခုပင်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကမ္ဘောဒီးယားနိုင်ငံပြည်သူများအား ခုခံအားကောင်းစေရန် အကူအညီပေးလိမ့်မည်ဟု ခိုင်မာစွာယုံကြည်ကြောင်းတရုတ်သံရုံးကဆက်လက်ပြောကြားသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ်မကုန်မီ လူဦးရေ ၁၆ သန်းရှိသည့်အနက် အနည်းဆုံး ၁၀ သန်းကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်လျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့သည်။ ဇွန် ၂၇ ရက်မတိုင်မီ လူဦးရေ ၆ ဒသမ ၈၃ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည့်အနက် လူဦးရေ ၃ ဒသမ ၉၅ သန်းပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုခံယူခဲ့ကာ လူဦးရေ ၂ ဒသမ ၈၈ သန်း ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ဆီနိုဗက် တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

# ဇူလိုင် ၁၉ ရက်မတိုင်မီ ကိုဗစ်-၁၉ ကန့်သတ်ချက်များကို ဖြေလျှော့မပေးသင့်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်အကြံပြု

**လန်ဒန် ဇွန် ၂၈**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ဇူလိုင် ၁၉ ရက်မတိုင်မီ ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့မပေးသင့်ကြောင်း ဇွန် ၂၈ ရက်က အကြံပြုပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ်က ဗြိတိန်ကျန်းမာရေးဝန်ကြီး ဆာဂျစ်ဂျာဗစ်နှင့် စကားပြောကောင်းခဲ့သည်ဟု ဖော်ပြပြီးနောက် ယခုလိုမှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အားတက်ဖွယ်အခြေအနေ တချို့ရှိပြီး သေဆုံးသူအရေအတွက် လျော့နည်းခဲ့သလို ဆေးရုံတက်ရောက်ကုသခဲ့သည့် အရေအတွက်ကျဆင်းခဲ့သော်လည်း ယခုအခါတွင် သေဆုံးသူအရေအတွက်နှင့် ဆေးရုံတက်ရောက်ကုသခဲ့သည့် အရေအတွက်မှာ အနည်းငယ်ပြန်လည်မြင့်တက်လာကြောင်း ဂျွန်ဆင်က စကိုင်းနယူးစ်သို့ ပြောကြားခဲ့သည်။

ထို့ကြောင့် မိမိတို့သည် သတိကြီးစွာထားပြီး မိမိတို့၏ အစီအစဉ်ကို ဆက်လက်ဆုပ်ကိုင်ထားရန် လိုကြောင်းနှင့် နောက်ထပ်သီတင်းပတ် သုံးပတ်အထိ သို့မဟုတ်ကာကွယ်ဆေးများ အများအပြားထုတ်လုပ်နိုင်သည်အထိ လုပ်ဆောင်သွားသင့်ကြောင်း ဂျွန်ဆင်က ပြောသည်။ နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေး ငါးသန်းကို ဇူလိုင် ၁၉ ရက်မတိုင်မီ ပြည်သူများအား ထိုးပေးသွားမည်ဟုလည်း ၎င်းက ပြောသည်။

ကိုဗစ်-၁၉ ကန့်သတ်ချက်များကို မည်သည့်အချိန်တွင် ဖယ်ရှားပေးမလဲဆိုသည့်ကိစ္စနှင့် ပတ်သက်၍ ဂျာဗစ်က ဗြိတိန်လွှတ်တော်အမတ်များအား နောက်ပိုင်းတွင် ပြောကြားသွားမည်ဖြစ်သည်။ ဂျာဗစ်က ကန့်သတ်ပိတ်ဆို့မှုများကို အလျင်အမြန်အဆုံးသတ်ချင်သော်လည်း ကန့်သတ်ပိတ်ဆို့ခြင်းများကို ဖြေလျှော့လိုက်ခြင်းဖြင့် ဆိုးကျိုးသက်ရောက်လာနိုင်ကြောင်း ပြောထားသည်။

ဆင်ဟွာ



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်။

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၈ ဦးရှိ

**ဟနွိုင်း ဇွန် ၂၈**

ဗီယက်နမ်နိုင်ငံတွင် ဇွန် ၂၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၉၈ ဦးရှိကြောင်း ဖော်ပြခဲ့သည့်အနက် ၃၈၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကိုးဦးမှာ ပြည်ပကူးစက်မှု ဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၀၄၁ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အစုလိုက်ကူးစက်ဖြစ်ပွားသူများအနက် ၂၁၈ ဦးမှာ ဟိုချီမင်းမြို့မှလည်းကောင်း၊ ၄၀ မှာ ဘင်ဒေါင်ပြည်နယ် တောင်ပိုင်းမှလည်းကောင်း၊ ၃၃ ဦးမှာ ဘတ်ဂင်ပြည်နယ် မြောက်ပိုင်းမှလည်းကောင်း အသီးသီးဖြစ်ကြသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူအများစုမှာ ယခင်ကိုဗစ်-၁၉ ဖြစ်စဉ် သို့မဟုတ် အစုလိုက်ကူးစက်မှုများနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်နွှယ်နေသူများဖြစ်သည်။

နိုင်ငံတစ်ဝန်း လူပေါင်း ၆၅၁၉ ဦးမှာ ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာမှုနှင့်အတူ လူပေါင်း ၁၇၇၀၀၀ ကို သီးသန့်ကန့်သတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဇွန် ၂၈ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၁၄၂၆၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ်ထိုးနှံမှုကို အင်တိုက်အားတိုက်ဆောင်ရွက်

**တိုကျို ဇွန် ၂၈**

ဂျပန်အစိုးရ၏ ကာကွယ်ဆေးထိုးနေရာများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ်ထိုးနှံမှုကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပြည်သူများသည် ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအသုတ်ကို တိုကျိုနှင့် အိုဆာကာရှိ ကာကွယ်ဆေးထိုးနေရာများတွင် ထိုးနှံမှု ခံယူခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အသက် ၁၈ နှစ်နှင့် ၎င်းအထက် အသက်အရွယ်ကြီးသူများကို ထိုးပေးခဲ့သည်။ အသက် ၈၁ နှစ်အရွယ် အဘွားအိုတစ်ဦးက သူ့အနေဖြင့် ယခင်က အိမ်ထဲတွင်သာ နေထိုင်ခဲ့ရကြောင်း၊ အဘယ်ကြောင့်ဆိုသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း၊ သို့သော်လည်း ယခုအခါတွင် သူ့အနေဖြင့် လေ့ကျင့်ခန်းလုပ်ရန် အခွင့်အလမ်းများ ရရှိလာပြီဖြစ်ကြောင်း ပြောသည်။

စမ်းသပ်စစ်ဆေးခြင်းမရှိဘဲ ကာကွယ်ဆေးထိုးပေးသွားမည်မဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။ ပြည်သူများအနေဖြင့် ကြိုတင်စာရင်းပေးထားခြင်းမရှိဘဲ ကာကွယ်ဆေးထိုးနေရာများတွင် တန်းစီစောင့်ဆိုင်းနေသည်ကိုတွေ့ရှိပြီးနောက် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ



ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

# မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကာလ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို အချိန်တိုးမြှင့်ကာ အကူအညီများပေးသွားမည်

ကေကေစိုး

**မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထုတ်ပြန်ထားရသည့် တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့မှုမှာ ဇွန် ၂၈ ရက်တွင် သက်တမ်းကုန်ဆုံးသွားပြီ ဖြစ်သော်လည်း ကူးစက်မှုများမှာ ဆက်လက်များပြားနေဆဲဖြစ်သည့်အတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုရက်ကို တိုးချဲ့လိုက်သည်ဟု ဝန်ကြီးချုပ် မူရီဒင်ယာဆင်းက ပြောသည်။**

### စီးပွားရေးကို ထပ်မံထိခိုက်မည်

တစ်နိုင်ငံလုံးအနှံ့ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၄၀၀၀ အောက် မကျမီ အချိန်အထိ တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ထားရှိဦးမည်ဟု ဇွန် ၂၇ ရက်တွင် မလေးရှားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ဇွန် ၂၈ သို့မဟုတ် ဇွန် ၂၉ ရက်မှစတင်ကာ လူမှုအသိုက်အဝန်းတစ်ခုလုံးအတွက် ဘက်စုံအကူအညီပေးရေး အစီအစဉ်ကို ဖွင့်လှစ်ဖော်ဆောင်သွားလိမ့်မည်ဟုလည်း ကာကွယ်ဆေးထိုးပေးရာ စင်တာသို့ လာရောက်ရင်း ၎င်းက ပြောကြားခဲ့သည်။ အသွားအလာပိတ်ဆို့ကန့်သတ်မှုအချိန်ကို တိုးချဲ့လိုက်သည့်အတွက် မလေးရှားနိုင်ငံ၏ စီးပွားရေးကို ထပ်မံထိခိုက်မည်ဖြစ်သည်။

### အဟန့်အတားတစ်ခုဖြစ်

မလေးရှားအစိုးရသည် စီးပွားရေး ပြန်လည်ဦးမော့လာရေး မျှော်မှန်းထားသော်လည်း တစ်နိုင်ငံလုံးအနှံ့ အသွားအလာ ပိတ်ဆို့ကန့်သတ်ထားမှုက အနှောင့်အယှက် အဟန့်အတားတစ်ခုဖြစ်မည်ဖြစ်သည်။ ဇွန် ၂၃ ရက်တွင် ကမ္ဘာ့ဘဏ်က မလေးရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ ခန့်မှန်းထားခဲ့သည်။ ပိတ်ဆို့ကန့်သတ်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၆ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိဟု မလေးရှားအစိုးရက ယခုလအတွင်း ခန့်မှန်းထားသည်။ မရှိမဖြစ် လုပ်ကိုင်ရမည့်လုပ်ငန်းများမှလွဲ၍ ကျန်လုပ်ငန်းများ ပိတ်ထားရသည့်အတွက် မလေးရှားရင်းဂစ် ၁ ဘီလီယံ ကုန်ကျစရိတ်ရှိသည်ဟု ပြန်လည်သက်သာချောင်ချိရေး အစီအစဉ်ကို မကြေညာမီ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက မူရီဒင်က ပြောကြားခဲ့သည်။

မလေးရှားဝန်ကြီးချုပ်သည် မေလကုန်ပိုင်းက မလေးရှားရင်းဂစ် ၄၀ ဘီလီယံတန်ဖိုးရှိသည့် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ကြေညာခဲ့သည်။

### ၁၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်

မလေးရှားနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်မှုများမှာ ဆက်လက်များပြားနေဆဲဖြစ်ပြီး ဇွန် ၂၆ ရက်တစ်ရက်တည်းတွင် နောက်ထပ်ကူးစက်မှုပေါင်း ၅၈၀၃ ဦး တွေ့ရှိခဲ့သည်။ မလေးရှားနိုင်ငံသည် သက်သာချောင်ချိရေး အစီအစဉ်



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ထရပ်ကားပေါ်၌ ကာကွယ်ဆေးထိုးပေးနေသည်ကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။

ဒုတိယအဆင့် မစတင်မီ ကူးစက်မှုနှုန်းမှာ ၄၀၀၀ အောက် လျော့ကျသွားရန် မျှော်မှန်းထားသည်။ မလေးရှားနိုင်ငံတွင် တိုင်းပြည်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။

### အင်ဒိုနီးရှားနိုင်ငံ၏ ကူးစက်မှုအခြေအနေ

အင်ဒိုနီးရှားနိုင်ငံတွင်လည်း ဇွန် ၂၇ ရက်က နေ့စဉ်ကူးစက်မှု အများဆုံးအဖြစ် စံချိန်တင်ခဲ့သည်ဟု သိရသည်။ ဇွန် ၂၇ ရက်တွင် ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှု ၂၁၀၀၀ ကျော် ရှိခဲ့သည်။ ဂျကာတာရှိ ဆေးရုံများတွင် လူနာများနှင့် ပြည့်နှက်နေခဲ့ပြီး ကိုဗစ်-၁၉ ရိုက်ခတ်မှုကို အဆိုးရွားဆုံး ရင်ဆိုင်နေရသည်။ အင်ဒိုနီးရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်မှုပေါင်းမှာ ၂ ဒသမ ၁ သန်းကျော် ရှိလာပြီး သေဆုံးသူ စုစုပေါင်းမှာ ၅၇၁၃၈ ဦးရှိလာသည်။ သို့သော်လည်း ဆေးစစ်ပေးနိုင်မှုနည်းပါးသည့်အတွက် အမှန်တကယ် ကူးစက်မှုနှုန်းမှာ ယခုပမာဏထက်ပို၍ များပြားနိုင်သည်ဟု ယူဆရသည်။

### ကူးစက်မှုအများဆုံး ဖြစ်လာလိမ့်မည်

မေလအတွင်း အင်ဒိုနီးရှားနိုင်ငံအတွင်း လူပေါင်းသန်းနှင့်ချီ၍ ခရီးသွားလာမှုများ ပြုလုပ်ခဲ့သည့်အတွက် မကြာသေးမီ သီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ကူးစက်မှုမှာ အဆမတန်များပြားလာခဲ့သည်။ ကူးစက်မြန် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုများ ရှိလာသည်ဟုလည်း အင်ဒိုနီးရှားအာဏာပိုင်များက အတည်ပြုခဲ့သည်။ ကူးစက်မှုများ များပြားလာမည်ဟု ခန့်မှန်းထားကြောင်း ကိုဗစ်-၁၉ တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ စီတီနာဒီယာ တာမီဇီက ပြောသည်။ လာမည့်သီတင်းပတ်နှစ်ပတ်မှ သုံးပတ်အတွင်း ကူးစက်မှုအများဆုံးဖြစ်လာလိမ့်မည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### စိုးရိမ်နေကြ

ကူးစက်မှုများ များပြားနေသည့်အတွက် အင်ဒိုနီးရှားနိုင်ငံ၏ ကျန်းမာရေးစနစ် ပြိုလဲသွားမည်ကို စိုးရိမ်နေကြသည်။ ဆေးရုံများတွင် လူနာများ များပြားနေသည့်အတွက် နောက်ထပ်လူနာများကို လက်မခံနိုင်တော့သည့် အနေအထားသို့ ရောက်နေကြောင်း သတင်းပေးပို့မှုများ ရှိလာသည်။

ကိုဗစ်-၁၉ ကူးစက်မှုဒဏ်ကို အလူးအလဲခံနေရသည့် ဂျကာတာမြို့နှင့် အနောက်ဂျာဗား၊ ဂျာဗားအလယ်ပိုင်းတို့၌ ဆေးရုံများတွင် လူနာများနှင့်ပြည့်နှက်နေပြီဖြစ်သည်။ ကူးစက်မှုများတွင် အိန္ဒိယ၌ ပထမဆုံးတွေ့ရသည့် ဗီဇပြောင်းဒယ်တာ ကူးစက်မှုများကိုလည်း တွေ့လာရသည်။ ကပ်ရောဂါနှင့် ပတ်သက်၍ လုံလောက်သည့် ပြင်ဆင်မှုများ မရသည့်အတွက် အစိုးရကို ဝေဖန်မှုများ ရှိလာသည်။

### ရည်ရွယ်ထား

သို့သော်လည်း အခြားသော နိုင်ငံများ ကဲ့သို့တင်းကျပ်သည့် ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ခြင်း မရှိသေးပေ။ အင်ဒိုနီးရှားနိုင်ငံသည် လာမည့်နှစ်အတွင်း လူဦးရေသန်း ၂၇၀ ရှိသည့်အနက် သန်း ၁၈၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်ထားသည်။ သို့သော်လည်း ယခုအချိန်အထိ တိုင်းပြည်လူဦးရေ၏ ၅ ရာခိုင်နှုန်းကိုသာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပေးရသေးသည်။

ဇွန် ၂၆ ရက်တွင် အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် တစ်ရက်အတွင်း လူပေါင်း တစ်သန်းနီးပါးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်ဟု သိရသည်။

### ခြိမ်းခြောက်လျက်ရှိ

ယခုအခါ ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်က တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိရာ ကာကွယ်ဆေးများက ဗီဇပြောင်း ကိုဗစ်-၁၉ ကို ကာကွယ်ပေးနိုင်ခြင်း ရှိ မရှိကို သိရှိလိုကြသည်။ ဂျပန်နိုင်ငံ လေ့လာမှုတစ်ခုအရ ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ ဗီဇပြောင်း ကိုဗစ်-၁၉ ကို ကာကွယ်ရာတွင် သက်ရောက်မှုရှိသည်ဟု တွေ့ရှိကြောင်း သိရသည်။ ကာကွယ်ဆေး နှစ်ကြိမ်တိုင်ထိုးပြီးသည့် လူပေါင်း ၁၀၀ ကို သုတေသီများက လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါ လေ့လာမှုကို ယိုကိုဟားမားမြို့ တက္ကသိုလ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မတ်လနှင့် ဧပြီလအတွင်း ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ကြသည့် ကျန်းမာရေးလုပ်သား ၁၀၅ ဦးထံမှ သွေးနမူနာများကို စစ်ဆေးခဲ့ကြသည်။

### လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်

ဒုတိယအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ၉၄ ရာခိုင်နှုန်းမှာ လုံလောက်သည့် ပဋိပစ္စည်းများ ထွက်ရှိခဲ့ပြီး ဗီဇပြောင်းအယ်ဖာကို ကာကွယ်ပေးနိုင်သည်ဟု သိရသည်။ ဗီဇပြောင်းဗီတာကို ကာကွယ်ပေးနိုင်မှု ၉၀ ရာခိုင်နှုန်းရှိပြီး ဗီဇပြောင်းဂမ်မာကို ကာကွယ်ပေးနိုင်မှု ၉၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ဗီဇပြောင်းဒယ်တာကို ၉၇ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်ပြီး မူလ ကိုဗစ်-၁၉ ကိုမူ ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည်ဟု သိရသည်။ သုတေသနအဖွဲ့ကို ဦးဆောင်သည့် ပါမောက္ခ ရာမာနာကာတာကီ ဟာရူက နောက်တစ်ဆင့်စမ်းသပ်မှုများပြုလုပ်ရာတွင် ယခုအရေအတွက်ထက် များပြားသည့် အရေအတွက်ဖြင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဟု ပြောသည်။

○ မလေးရှားနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်မှုများမှာ ဆက်လက် များပြားနေဆဲဖြစ်ပြီး ဇွန် ၂၆ ရက်တစ်ရက် တည်းတွင် နောက်ထပ်ကူးစက်မှုပေါင်း ၅၈၀၃ ဦး တွေ့ရှိခဲ့သည်။ မလေးရှားနိုင်ငံသည် သက်သာချောင်ချိရေး အစီအစဉ် ဒုတိယအဆင့် မစတင်မီ ကူးစက်မှုနှုန်းမှာ ၄၀၀၀ အောက် လျော့ကျသွားရန် မျှော်မှန်းထားသည်

**ကိုးကား-အေအက်ဖ်ပီ၊**
**အင်န်အိတ်ချ်ကေ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



❍ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၈–၆–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၇၆၂) ခု | (၁၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၇) ခု | (၁၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၄) ခု | (၃၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃) ခု | (၂) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၄) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၇၂) ခု | (၄၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၅) ခု | (၁၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၁၂၉) ခု | (၈၅၆) ဦး |
| စုစုပေါင်း | (၆,၅၈၆) ခု | (၁,၂၂၅) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် လားရှိုးမြို့ရှိ ကိုဗစ်–၁၉ ကုသရေးစင်တာတို့သို့ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဇွန် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်–၅၀၀) ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော COVID–19 ပိုးတွေ့လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် Mask အခုရေ ၅၀၀၀၊ ရေမလိုလက်သန့်ဆေးရည် ၄၈ ဘူး၊ PPE ဝတ်စုံ ၁၀၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ COVID–19 ကုသရေးစင်တာ (၁) သို့ သွားရောက်၍ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် Mask ၅၀၀၀ ခု၊ ရေမလိုလက်သန့်ဆေးရည် ၄၈ ဘူး၊ အရက်ပြန် ၇၂ ဘူး၊ PPE ဝတ်စုံ ၁၀၀၊ GOGGLES မျက်မှန် ၁၀ လက်၊ လက်အိတ်အစုံ ၃၀၀ နှင့် တစ်ယောက်အိပ် ခြင်ထောင် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းရာ လားရှိုးမြို့ပေါ်ရှိ COVID–19 ပရဟိတကွန်ရက်၊ COVID–19 Operation Team နှင့် Free–dom Volunteer ကွန်ရက်များမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စိတ္တသုခလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများက COVID–19 ကုသရေးစင်တာ (၁) တွင် အသုံးပြုရန်အတွက် OXYGEN CYLINDER ၁၅ လုံး၊ ကလိုရင်းပိုးသတ်ဆေးရည် ၁၀ လုံးတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၈- ၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၉၄၆၉၀ | ၂၈၉၂၇၃၃၅ | ၆၁၉၄၂၄ |
| ၂။ | အိန္ဒိယ | ၃၀၂၇၉၃၃၁ | ၂၉၃၀၉၆၀၇ | ၃၉၆၇၆၁ |
| ၃။ | ဘရာဇီး | ၁၈၄၂၀၅၉၈ | ၁၆၆၁၃၉၉၂ | ၅၁၃၅၄၄ |
| ၄။ | ပြင်သစ် | ၅၇၇၀၀၂၁ | ၅၆၀၂၉၅၁ | ၁၁၀၉၆၈ |
| ၅။ | ရုရှား | ၅၄၇၂၉၄၁ | ၄၉၆၉၃၄၀ | ၁၃၃၈၉၃ |
| ၆။ | တူရကီ | ၅၄၀၉၀၂၇ | ၅၂၇၅၂၃၁ | ၄၉၅၇၆ |
| ၇။ | ဗြိတိန် | ၄၇၃၂၄၃၄ | ၄၃၁၆၅၁၄ | ၁၂၈၁၀၀ |
| ၈။ | အာဂျင်တီးနား | ၄၄၀၅၂၄၇ | ၄၀၂၇၅၁၀ | ၉၂၅၆၈ |
| ၉။ | အီတလီ | ၄၂၅၈၀၆၉ | ၄၀၇၃၄၃၅ | ၁၂၇၄၇၂ |
| ၁၀။ | ကိုလံဘီယာ | ၄၁၅၈၇၁၆ | ၃၈၅၄၄၅၇ | ၁၀၄၆၇၈ |

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား COVID-19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို COVID–19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရုံးခန်းမဆောင်၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို COVID–19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် Mask အခုရေ ၅၂၀၀၊ ရေမလိုလက်သန့်ဆေးရည် ၅၂ ဘူး၊ အရက်ပြန် ၅၂ ဘူး၊ PPE ဝတ်စုံ ၁၀၀၊ မျက်မှန်ကိုင်း ၁၀၀၊ ဖလင်ကော်ပြား ၁၀၀၊ လက်အိတ်အစုံ ၁၀၀ နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး နှင့် မိသားစုဝင်များက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၁၃၅၉၉၈ | ၁၈၅၉၉၆၁ | ၅၇၅၆၁ |
| ဖိလစ်ပိုင် | ၁၄၀၃၅၈၈ | ၁၃၂၇၁၀၃ | ၂၄၄၅၆ |
| မလေးရှား | ၇၃၉၂၆၆ | ၆၇၂၄၅၃ | ၅၀၀၁ |
| ထိုင်း | ၂၄၉၈၅၃ | ၂၀၂၂၇၁ | ၁၉၃၄ |
| မြန်မာ | ၁၅၄၃၈၅ | ၁၃၅၇၀၃ | ၃၃၀၉ |
| စင်ကာပူ | ၆၂၅၅၃ | ၆၂၁၉၅ | ၃၆ |
| ကမ္ဘောဒီးယား | ၄၈၅၃၂ | ၄၂၇၆၄ | ၅၅၆ |
| ဗီယက်နမ် | ၁၅၇၄၀ | ၆၃၁၉ | ၇၆ |
| လာအို | ၂၁၁၀ | ၁၉၈၆ | ၃ |
| ဘရူနိုင်း | ၂၅၉ | ၂၄၅ | ၃ |

# ပဲခူးမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်



ပဲခူး ဇွန် ၂၈

ပဲခူးမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်း အခမ်းအနားကို ရွှေမော်ဓော ဘုရားလမ်းရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန်တွင် ဇွန်တတိယပတ်က ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီဝင်များ၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်၊ ဒုတိယတပ်မမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်(၄)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်မင်းက ပန်းခင်းစီမံချက်ဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်(၄)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးအောင်မင်းတို့က ဘုရားကြီးမြို့ (၁/၂/၃)ရပ်ကွက်၊ သပြေရိုးကျေးရွာအုပ်စု၊ သံစို့ပင်ကျေးရွာအုပ်စု၊ ကွေ့တန်းရှည်ကျေးရွာအုပ်စု၊ မုန်တိုင်းကျေးရွာအုပ်စု၊ ကမ်းနီကျေးရွာအုပ်စု၊ ထန်းတောကြီးကျေးရွာအုပ်စုနှင့် ဝါးပြန်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများထံ ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ထားသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပေးအပ်ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ စတင်ပြီး ပြည်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအပါအဝင် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးရာ ယနေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂၈၇၄ ခုကျော် ပေးအပ်ပြီးဖြစ်ပြီး ပဲခူးမြို့နယ်အနေဖြင့် အိမ်ထောင်စုစာရင်း ၆၆၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၁၂ ခု ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

## မြင်းခြံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

မြင်းခြံ ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လစတုတ္ထပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန် တက်ရောက်သည်။

အစည်းအဝေးတွင် မြင်းခြံမြို့ဝင်မြို့ထွက်လမ်းများ ကြပ်မတ်ရေး၊ စိုက်ပျိုးရေးအောင်မြင်ရန် ရေရရှိရေး၊ ကိုဗစ်ကူးစက်မှု လျော့ကျရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးတို့ကိုမှာကြားရာ ဌာနဆိုင်ရာများက လုပ်ငန်းများကို ပြန်လည်တင်ပြကြကြောင်း သိရသည်။

ဌေးမြင့်မောင်

## မြစိမ်းရောင်အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်း

ကျောက်ဖြူ ဇွန် ၂၈

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စီမံကိန်းသုံးနှစ်ပြည့် ကျေးရွာဖြစ်သည့် ကျောက်ပြောက်ကျေးရွာအုပ်စု ဝါးနက်ချိန်ကျေးရွာတွင် အတိုးရငွေ၏(၅၀ ရာခိုင်နှုန်း) ၅ သန်း၊ ပြည်သူထည့်ဝင်ငွေ တစ်သန်း စုစုပေါင်းငွေကျပ် ၆ သန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာမြစိမ်းရောင်ကော်မတီများဦးဆောင်ပြီး ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေမှုကို ကျောက်ဖြူမြို့နယ် ကျေးလက်ဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးအောင်(ဦးစီးအရာရှိ) နည်းပညာနှင့် တာဝန်ရှိဝန်ထမ်းများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

အောင်လှဖြူ

## ဒေးဒရဲမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေး

ဒေးဒရဲ ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇွန် ၂၇ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က ဒေးဒရဲမြို့နယ်သည် ဧရာဝတီတိုင်းဒေသကြီး၏ အဝင်၊ အထွက် ဂိတ်တစ်ခုဖြစ်ပြီး အခြားတိုင်းဒေသကြီးတို့နှင့် ဆက်စပ်လျက်ရှိသောကြောင့် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဒေးဒရဲတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်ရေးကော်မတီ၏ သတ်မှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ပိုမိုကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားသည်။ ထို့နောက် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် လူမှုရေးအဖွဲ့အစည်းများအား သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်များခွဲဝေပေးကာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အဖွဲ့အလိုက် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်နှင့် ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။

အေဇာလင်း

## မတ္တရာမြို့နယ် ဆည်တော်ကြီးဆည်အတွင်းသို့ ငါးကောင်ရေ ငါးသိန်း မျိုးစိုက်ထည့်

မတ္တရာ ဇွန် ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မတ္တရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဦးစီး၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဇွန် ၂၈ ရက်က ပြုလုပ်သည်။

ငါးမျိုးစိုက်ထည့်ရာတွင် ရေနံ့သာငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၅၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက် ကောင်ရေ ၁၅၀၀၀၀၊ သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက် ကောင်ရေ ၁၀၀၀၀၀၊ စုစုပေါင်း ကောင်ရေ ငါးသိန်းကို မတ္တရာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်မောင်သန်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးဇော်လင်းသိန်း၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှူး ဦးတင်မြင့်အောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းသန့်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆည်တော်ကြီး ရေလှောင်တမံမှတာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရေနံ့သာ ငါးလုပ်ငန်းစခန်းမှ တာဝန်ခံများနှင့် ဝန်ထမ်းများက ဆည်တော်ကြီးတမံအတွင်း လွှတ်ပေး၍ မျိုးစိုက်ထည့်ခဲ့ကြသည်။



ဆည်တော်ကြီးဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်စဉ်။

မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ငါးသယံဇာတ တိုးပွားလာပြီး ငါးထုတ်လုပ်မှု တိုးတက်စေရေး၊ ငါးမျိုးများ မပြုန်းတီးစေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများကို ပိုမိုစားသုံးနိုင်ရေး ရည်ရွယ်ချက်များဖြင့် ငါးမျိုးစုံ ငါးသားပေါက်များကို သဘာဝမြစ်ချောင်းများနှင့် ဆည်တမံများအတွင်းသို့ နှစ်စဉ် မျိုးစိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)



## မင်္ဂလာတောင်ညွန့်မြို့နယ်၌ မိုးကာလ ရေကြီးရေလျှံမှု မရှိစေရေးအတွက် လုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇွန် ၂၈

မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ကြီးကြပ်၍ လက်ထောက်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းအင်အား ၁၆ ဦးဖြင့် ယနေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ပတ်လမ်း (ကရဝိက်ပန်းခြံ၊ ကလေးကစားကွင်း ခြံစည်းရိုးဘေး) ရှိ ရေနုတ်မြောင်းအတွင်းမှ ပိတ်ဆို့နေသော အမှိုက်နှင့် နုန်းများဆယ်ယူခြင်းကိုလည်းကောင်း၊ ဖြတ်မြောင်းနှစ်ခုအား ဆယ်ယူခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာကာစိုး

သစ်ပင်နည်းလာ
တို့ကမ္ဘာ၊
လွန်စွာပူအေး
ဥတုဘေး

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

### အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**




---

### ကလေးငယ်တွေမှာ ဘဝအစရက်ပေါင်းတစ်ထောင်က ဘာကြောင့်အရေးကြီးတာလဲ?

❖ ကိုယ်ဝန်ပဋိသန္ဓေတည်ချိန်မှစ၍ ကလေးအသက် (၂)နှစ်အထိကာလကို **"ဘဝအစ ရက်ပေါင်း တစ်ထောင်"** ဟု သတ်မှတ်ထားပါတယ်။


❖ ရက်တစ်ထောင်ကာလအတွင်း ကလေးဦးနှောက်သည် (၈၀%) ဖွံ့ဖြိုးသဖြင့် ဤကာလအတွင်း အာဟာရလိုအပ်ချက်ကိုပြည့်မီအောင် ဖြည့်ဆည်းနိုင်ပါက ကလေးဟာ စံမီကြီးထွားဖွံ့ဖြိုးပြီး၊ ဉာဏ်ရည်မြင့်မားကာ အနာဂတ်မှာ ထက်မြက်တဲ့ စွမ်းအားပြည့်အလုပ်လုပ်နိုင်တဲ့ နိုင်ငံ့သားကောင်းများကို မွေးထုတ်နိုင်မှာဖြစ်ပါတယ်။


❖ ရက်တစ်ထောင်ကာလအတွင်း အာဟာရပြည့်ဝအောင်-

- **ကိုယ်ဝန်ဆောင်စဉ် အစာမျိုးစုံကို ပိုစားပေးရပါမယ်။ နို့တိုက်မိခင်သည် ကိုယ်ဝန်ဆောင်စဉ်ကထက် ပိုစားပေးရပါမယ်။**
- **ကျန်းမာရေးဝန်ထမ်းကပေးသော ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် ဆေးများကို ညွှန်ကြားသည့်အတိုင်း ပုံမှန်သောက်ပေးရပါမယ်။**
- **မွေးပြီးတစ်နာရီအတွင်း (စောနိုင်သမျှစောစော) မိခင်နို့ (နို့ဦးရည်) စတိုက်ပေးရပါမယ်။**
- **ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ရပါမယ်။**
- **အသက် (၆)လပြည့်မှစ၍ သန့်ရှင်းပြီးအာဟာရပြည့်ဝသော ဖြည့်စွက်စာကို စကျွေးကာ မိခင်နို့ကို ကလေးအသက် (၂)နှစ်အထိ ဆက်တိုက်ပေးရပါမယ်။**

❖ ဒါကြောင့် ကလေးငယ်ရဲ့ ဘဝအစ ပထမရက်ပေါင်းတစ်ထောင်ဟာ အလွန်အရေးပါတဲ့ ကာလတစ်ခု ဖြစ်ပါတယ်။

**ဘဝရွှေဆောင် ရက်တစ်ထောင် အနာဂတ်အတွက် အလင်းရောင်**


အာဟာရချို့တဲ့သောကလေးတွင် ဦးနှောက်ဖွံ့ဖြိုးမှု နည်းပါးပုံ


အာဟာရပြည့်ဝ၍ကျန်းမာသော ကလေးတွင် ဦးနှောက်ဖွံ့ဖြိုးမှု ကောင်းမွန်ပုံ

# မကွေးမြို့နယ်၌ စိုက်ပျိုးမြေဧက ၃၇၀၀ ကျော်ကို အကျိုးပြုမည့် ကုန်ထုတ်လမ်းနှစ်လမ်းဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

မကွေး ဇွန် ၂၈

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြု ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ စိုက်ပျိုးမြေ ဧက ၃၇၀၀ ကျော်ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှ စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ လမ်းနှစ်လမ်းလုံးကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေး လုပ်ငန်းများမှ ထုတ်ကုန်/ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီရောက်ရှိရေးအတွက် ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ယခု ဖောက်လုပ်ခဲ့သော လမ်းနှစ်လမ်းမှာ မကွေးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၂ ဒသမ ၄ သန်းဖြင့် သမန်းတော(မ)ကျေးရွာကုန်ထုတ်လမ်း အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၌ ကျောက်ရောမြေနှင့် မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းနှင့် နတ်ကန်ကျေးရွာ ကုန်ထုတ်လမ်း အရှည် ပေ ၁၄၀၀၊ အကျယ် ၁၂ ပေ၌ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းတို့ဖြစ်ပြီး နတ်ကန်ကျေးရွာ ကုန်ထုတ်လမ်းပေါ်တွင် ကုန်ထုတ်တံတားအဖြစ် အရှည် ၂၄ ပေ၊ အကျယ် ၁၄ ပေ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းလည်းပါဝင်ကြောင်း၊ လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ဟိန်းလျှံစိုးကုမ္ပဏီနှင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်တင်တင်စိုးက ပြောသည်။

အဆိုပါ သမန်းတော(မ)ကျေးရွာနှင့် နတ်ကန်ကျေးရွာတို့၌ ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးနိုင်မှုကြောင့် အိမ်ခြေ ၉၀၀ ကျော်မှ လူဦးရေ ၄၀၀၀ နီးပါးအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေသလို ဒေသတွင်းရှိ စိုက်ပျိုးမြေ ၃၇၇၆ ဧကမှ ထွက်ကုန်များကို ဈေးကွက်သို့ လွယ်ကူစွာ ပို့ဆောင်နိုင်ရန် အကျိုးပြုမည် ဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)


ရာနှုန်းပြည့် ဖောက်လုပ်ပြီးသည့် ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်း

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း






## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၆-၂၀၂၁ အင်္ဂါနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင် အဓိမြန်မာပြည်တစ်ခွင်
**၀၈:၃၅** ဝန်းဖော်မြေမှ ရှမ်းရိုးရာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ပြည်သူ့နီတိ **'အလင်းရောင်'**
**၁၁:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ပွားချို'**
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ပထဝီဝင်ဘာသာရပ်'**
**၁၆:၃၅** ခေတ်အဆက်ဆက်မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု(အပိုင်း-၃) (ကုန်းဘောင်ခေတ်နှင့်အမရပူရခေတ်)
**၁၇:၀၅** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** မြန်မာနိုင်ငံတောင်ဘက်စွန်းမှ ပင်လယ်ပျော်များဆီ
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၁၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၀:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရုရှားပက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်မှတ်တမ်း
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နတ်သိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၁၄)

**mitv**

**07:01** News
**07:27** Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
**07:34** To The Land Of Countless Temples - Bagan Trip (Ep-1)
**08:01** Discovering Tribes: "Ta'ang (Palaung): their life and customs"
**08:48** Between the Beaches: Chaung Tha Vs Ngwe Saung
**09:01** Water Hyacinth and Rattan Products
**09:17** Dances of Myanmar: Mon Traditional Shwe Hintha Dance
**09:23** Myanmar Masterclass: Portraiture
**09:29** The two brilliant Mountaineers (MT. EVEREST)
**10:01** Mulberry Art Painting: Muu Muu
**10:15** Patchwork Bags
**11:01** Traveling in Kayah State
**11:09** Handmade Artisan Ye`Linn Oo
**11:24** Discovering Tribes: Wa - Their Life and Customs

**MRTV NKC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ဝက်မိုးလွတ်ဆီဆမ်း
**ကယား (၀၈:၀၀ မှ ၁၀:၀၀)** ကယန်းတိုင်းရင်းသားများစံပျော်ရာ ပန်ပက်ကျေးရွာ
**ဝကေကရင် (၁၀:၀၀ မှ ၁၁:၀၀)** ငါးတန်ဖမ်းခြင်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** လှမ်းခဲ့ပါလေဒေါင်းဖြူမြေ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** စားလို့ကောင်းတဲ့သပြေသီးတာလပေါ်
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** သင်မယ်ရေးမယ်ဒို့ချင်းစာ(အပိုင်း-၁၉)
**ချင်း (ဇိုး) (၁၄:၀၀ မှ ၁၅:၀၀)** ချင်းသီချင်းကြီး(အပိုင်း-၂)
**မွန် (၁၅:၀၀ မှ ၁၇:၀၀)** ငါးဖယ်ခြစ်မရမ်းပြားချက်
**ရခိုင် (၁၇:၀၀ မှ ၁၈:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ရှမ်း (၁၈:၀၀ မှ ၂၁:၀၀)** ရှမ်းတိုင်းရင်းသားတို့ရဲ့ ချစ်စရာ့ရိုးရာအိမ်ကလေး
**ဝ (၂၁:၀၀ မှ ၂၂:၀၀)** စာအတူတူဖတ်ကြရအောင်

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel**
MRTV Farmers Channel ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
**Education Channel**
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

# မောင်တောမြို့နယ်ရှိ ကျေးရွာသုံးရွာတွင် ကျေးလက်အိမ်ရာများ တည်ဆောက်

**မောင်တော ဇွန် ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် အောင်သာယာကျေးရွာ၊ ဖားဝပ်ချောင်းကျေးရွာနှင့် စံကားပင်ရင်း(မြို)ကျေးရွာတို့တွင် ကျေးလက်အိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



### ကြည့်ရှုစစ်ဆေး

အဆိုပါ ကျေးလက်အိမ်ရာများတည်ဆောက်ရာ၌ အောင်သာယာကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံ ငွေကျပ် ၂၆၅ ဒသမ ၄၀၉ သန်းဖြင့် ကျေးလက်အိမ်ရာ အလုံး ၃၀၊ ဖားဝပ်ချောင်းကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၆၆ ဒသမ ၄၈၉ သန်းဖြင့် ကျေးလက်အိမ်ရာ အလုံး ၃၀ နှင့် စံကားပင်ရင်း(မြို)ကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံ ငွေကျပ် ၂၆၆ ဒသမ ၃၉၆ သန်းဖြင့် ကျေးလက် အိမ်ရာ အလုံး ၃၀ လုံး တည်ဆောက်လျက်ရှိရာ တည်ဆောက်နေမှုများကို ဇွန် ၂၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းနှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများကို စံချိန်စံနှုန်းများနှင့်အညီ သတ်မှတ်အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများနှင့် လုပ်သားများအား မှာကြားခဲ့ကြောင်း၊ ကျေးလက်အိမ်ရာ အိမ်တစ်လုံး လျှင် အလျား ၁၈ပေ၊ အနံ ၂၆ ပေ ၊ အမြင့် ကိုးပေ၊ ကျယ်ဝန်းပြီး လက်ရှိတွင် လုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၆ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၇၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၆၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၇၃၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၆၀၉ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၁၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၉၇ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ . ၄၂၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၅၃ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၈၈ . ၁၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၄၉ . ၁၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၇၈ | ၅၂၀၂၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၅၀၂ | ၁၇၈၂၁၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁ | ၈၁၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၂၈၆ | ၅၇၂၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၁ | ၈၅၂၅၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၃ | ၉၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သမဝါယမစနစ်ကို အခြေတည်၊ တွဲလက်ညီညီ ရှေ့သို့ချီ၊ ပို၍ကောင်းအောင် တည်ဆောက်မည်

စစ်လွမ်းနောင်(မန်းမြေသား)

မြတ်စွာဘုရားရှင်က “ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ ၊ နစန္ဒနံ တဂရ မလ္လိကာ ဝါ ၊ သတဉ္စဂန္ဓော ပဋိဝါတမေတိ ၊ သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ ”ဟု ဟောကြားတော်မူခဲ့ပါသည်။ အဓိပ္ပါယ်မှာ “ပန်းတို့၏ ရနံ့သည် လေညာသို့ မရောက်နိုင်။ စန္ဒကူး၊ တောင်ဇလပ်၊ စံပယ်၊ ကြက်ရုံး စသော ပန်းတို့၏ အမြစ်၊ အနှစ်နှင့် အပွင့်ဟူသော ရနံ့သည်လည်း လေညာအရပ်သို့ မပျံ့စေနိုင်။ သူတော်ကောင်းတို့၏ သီလတည်းဟူသော ရနံ့နှင့် ဂုဏ်သတင်းသည်သာ အရပ်မျက်နှာအားလုံးသို့ ပျံ့နှံ့မွှေးကြိုင်စေနိုင်သည်” ဟု ဖြစ်ပေသည်။

**နိုင်ငံတော်၏ ဂုဏ်သတင်းရနံ့**

ဆိုလိုရင်းမှာ ယနေ့ နိုင်ငံတော်က စီးပွားရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး ဆိုသည့် စီးပွားရေးဦးတည်ချက်(၃)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် နိုင်ငံပိုင်ကဏ္ဍ အသီးသီးတို့တွင် ပြည်တွင်းကသာမက ပြည်ပနိုင်ငံများကပါ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ပြည်တွင်း၊ ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံရခြင်းမှာ “သူတော်ချင်းချင်း သတင်းလွှေ့လွှေ့” ဆိုသည့် စကားအတိုင်း ကျွန်တော်တို့နိုင်ငံ၏ ဖော်ရွေသော ဆက်ဆံမှု၊ ကောင်းမွန်သော လုပ်ရပ်၊ မှန်ကန်သော မူဝါဒ၊ ခိုင်မာသော ရပ်တည်မှု၊ တိကျသော ဆုံးဖြတ်ချက် အစရှိသည့် သီလ(ကျင့်ကြံ အားထုတ်မှု)တည်းဟူသော ဂုဏ်သတင်းရနံ့၊ တစ်နည်းဆိုရလျှင် သူတော်ကောင်းတို့၏ သတင်းသည် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းကြား ပျံ့နှံ့ကြိုင်လှိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပေသည်။ ထိုသို့ ဂုဏ်သတင်းရနံ့ မွှေးပျံ့မှုများအနက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည့် သမဝါယမ စီးပွားရေးလုပ်ငန်းများသည်လည်း အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ရပ်တည်လျက်ရှိပေသည်။

**ကိုဗစ်-၁၉ နှင့် မြန်မာ့စီးပွားရေးအပေါ် သက်ရောက်မှု**

ယခုအချိန်ကာလသည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲ အရှေ့အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှု၊ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး ကန့်သတ်တားဆီးမှုများကြောင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ ဆိုးရွားစွာ ကျရောက်လျက်ရှိပေသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၆ ရက်က ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာ့စီးပွားရေးသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုကို ဆက်လက်ရင်ဆိုင်နေရပြီး ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၂၇ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်ကြောင်း၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်မည့် အစောဆုံးကာလကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ဟု ခန့်မှန်းကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဟု ခန့်မှန်းခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ၂ ရာခိုင်နှုန်းတွင် ဆက်လက်၍ ထိန်းထားနိုင်မည်ဟု ခန့်မှန်းကြောင်း လေ့လာတွေ့ရှိရပေသည်။

ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူအများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသဖြင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုဖြစ်နေသည့် အရပ်ဒေသများ၌ ကိုဗစ်-၁၉ ဆိုင်ရာ လိုက်နာရမည့် စည်းကမ်းများဖြစ်သည့် နေအိမ်တွင်သာ နေထိုင်ရခြင်း၊ ခရီးသွားလာမှုများ ကန့်သတ်ထားခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ပိတ်ထားရခြင်း စသည့် ကန့်သတ်ထိန်းချုပ်မှုများကြောင့် ကုန်ထုတ်လုပ်မှုများ ကျဆင်းခြင်း၊ ကုန်စည်စီးဆင်းမှုများ နှေးကွေးခြင်း၊ ရောင်းဝယ်ဖောက်ကားမှုများ အရှိန်အဟုန်တန့်သွားခြင်းနှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်း စသည့် စီးပွားရေးစိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပေသည်။ အဆိုပါ စီးပွားရေးစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး၊ စီးပွားရေး အကျပ်အတည်းများကို ဖြေလျှော့ပေးနိုင်ရေးနှင့် အလုံးစုံ ပပျောက်ရေးတို့အတွက် နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ သက်ဆိုင်ရာ ပညာရှင်များက နည်းလမ်းမျိုးစုံဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

**တုံ့ပြန်မှုဆိုင်ရာအစီအမံများ**

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးကို အထောက်အကူပြုရန်နှင့် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်တက်လာခြင်းကို လျှော့ချနိုင်ရန်အတွက် ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်မှုဆိုင်ရာ စီမံချက်များကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လတ်တလောအခြေအနေတွင် ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုကို လျှော့ချရေး၊ လက်လုပ်လက်စားပြည်သူများ သက်သာချောင်ချိစေရေးနှင့် အစားအစာများ လုံလောက်စွာရရှိစေရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာများအတွက် ပံ့ပိုးကူညီမှုပေးနိုင်ရေးတို့ကိုအလေးထားလုပ်ဆောင်ပေးလျက်ရှိသည်။

စီးပွားရေးပညာရှင်များ၏အဆိုအရ ရေရှည်တွင် ပြည်သူ့အခြေခံအဆောက်အအုံများနှင့် ဒစ်ဂျစ်တယ်နည်းပညာများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ပြည်တွင်း ဝယ်လိုအား၊ အလုပ်အကိုင်များ တိုးပွားလာစေပြီး စီးပွားရေးကုန်ထုတ်လုပ်အားကိုလည်း တိုးမြင့်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်ရှိတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေမည့် မူဝါဒများအပါအဝင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်နစ်နာခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ကုစားပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် အထောက်အကူပေးခြင်း အစရှိသည့် လုပ်ဆောင်ရမည့်နည်းလမ်းများ ချမှတ်ပြီး တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေး၊ ကျန်းမာကြံ့ခိုင်စွာ အသက်ရှင်နေထိုင်နိုင်ရေး၊ အလုပ်အကိုင်များ ရရှိစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ဘေးကင်းသောသောက်သုံးရေ ရရှိရေး၊ စာသင်ကျောင်းများ ဆောက်လုပ်ရေးနှင့် ဆရာ၊ ဆရာမများအား လေ့ကျင့်သင်ကြားပေးရေး၊ လယ်ယာထွက်ကုန်သီးနှံများ အထွက်တိုးရေး၊ သစ်တောနှင့် အခြား သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲရေး၊ ကားလမ်းများ၊ ရထားလမ်းများဖောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး၊ ဆိပ်ကမ်းများဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး၊ ဆက်သွယ်ရေးလုပ်ငန်းကွန်ရက်များ တိုးချဲ့ရေး၊ စွမ်းအင်များ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးချဲ့ရေး၊ အားကစားကဏ္ဍ အဆင့်မြှင့်တင်ရေး အစရှိသည့် စီမံကိန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ချေးငွေများထုတ်ချေးပေးခြင်းနှင့် ပံ့ပိုးကူညီပေးခြင်းများဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်အောင် တည်ဆောက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

**မကောင်းမှုကိုဖယ်ရှား၊ ကောင်းမှုကိုဖြစ်ပွားစေ**

ထိုကဲ့သို့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် သမဝါယမကဏ္ဍသည်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိရာ သမဝါယမဆိုသည့် မူလအဓိပ္ပာယ်အရ "သမ" မျှတသော၊ “ဝါယမ (ဝါယာမ)” ကြိုးစားအားထုတ်ခြင်း ဆိုသည့်အတိုင်း ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို မျှမျှတတဖြင့် ကြိုးစားအားထုတ် ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထိုသို့ ဆောင်ရွက်ရာတွင် “မျှတသော” ဆိုသည့် စကားရပ်နှင့်အညီ ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျကျဖြင့် မှန်ကန်သည့်လုပ်ရပ်ကို လုပ်ဆောင်ရပြီး “ကြိုးစားအားထုတ်ခြင်း” ဆိုသည့်စကားရပ်အရ “ဥပ္ပန္နပါပက” ဖြစ်ပြီးသောမကောင်းမှု(အကုသိုလ်တရား)တို့ကို ဖယ်ရှားရန်အားထုတ်ခြင်း၊ “အနုပ္ပန္နပါပက” မဖြစ်သေးသော မကောင်းမှု(အကုသိုလ်တရား)တို့ကို မဖြစ်အောင်အားထုတ်ခြင်း၊ “ဥပ္ပန္နကုသလ” ဖြစ်ပြီးသောကောင်းမှု (ကုသိုလ်တရား)တို့ကို တိုးပွားအောင်အားထုတ်ခြင်း၊ “ အနုပ္ပန္နကုသလ” မဖြစ်သေးသောကောင်းမှု(ကုသိုလ်တရား)တို့ကို ဖြစ်ပွားအောင် အားထုတ်ခြင်းစသဖြင့် တရားတော်တွင် ပါရှိသည့်အတိုင်း မကောင်းမှုတွေကိုဖယ်ရှားရန် အားထုတ်ခြင်းနှင့် ကောင်းမှုတွေဖြစ်ပွားအောင် ကြိုးစားအားထုတ်ခြင်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**သမဝါယမစနစ်ဖြင့် ပြန်လည်တည်ဆောက်**

ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယိမ်းယိုင်ခဲ့ကြရသည့် စီးပွားရေးလုပ်ငန်းများအနက် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု သမဝါယမအသင်းများအား စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပြီး ကျေးလက်နှင့် မြို့ပြနေ အသင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကိုလည်း မြင့်မားလာစေမည်ဖြစ်သည်။

အလားတူ ဈေးကွက်စီးပွားရေးကို ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် စိတ်ဆန္ဒတူသူများဖြင့် ဖွဲ့စည်းထားသော ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု သမဝါယမအသင်းများက အချင်းချင်းချိတ်ဆက်ပြီး အသင်း၏ စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ပြင် လုပ်ကွက်ငယ် တောင်သူလယ်သမားများ၊ တစ်ပိုင်တစ်နိုင်မွေးမြူသူများ၊ ရေလုပ်သားများ၊ ကျေးလက်နှင့် မြို့ပြနေ အခြေခံပြည်သူများကို အစုအဖွဲ့များ ဖွဲ့စည်းပေးပြီး ထိုမှတဆင့် သမဝါယမ

*စာမျက်နှာ ၂၅ သို့*

❖ **အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တွင် နိုင်ငံပေါင်း ၁၁၂ နိုင်ငံမှ သမဝါယမအသင်းပေါင်း ၃၁၈ သင်းက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး မြန်မာနိုင်ငံမှ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ကမ္ဘာပေါ်ရှိ သမဝါယမစနစ်ကျင့်သုံးသော နိုင်ငံများရှိ သမဝါယမအသင်းများကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဇူလိုင်လ၏ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် ဆောင်ပုဒ်များသတ်မှတ်၍ ဂုဏ်ပြုလျက်ရှိပေသည်။**

# ကြာအင်းဆိပ်ကြီးမြို့မှ ရော်ဘာပင်အိုခုတ် တောင်သူများအား ရော်ဘာပျိုးပင်များပေးအပ်

**ကြာအင်းဆိပ်ကြီး ဇွန် ၂၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် ရော်ဘာနှစ်ရှည်ပင်များ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ ကရင်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု တတိယအများဆုံး ပြည်နယ်ဖြစ်ပြီး ကရင်ပြည်နယ်တစ်ခုလုံး၌ ကြာအင်းဆိပ်ကြီးမြို့နယ်သည် ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှု အများဆုံး မြို့နယ်ဖြစ်ကာ စိုက်ဧကပေါင်း ၁၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

ယခုနှစ်များတွင် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း၌ ရော်ဘာပင်အိုပင်ဟောင်းများကို ခုတ်လှဲမှုမှာ ဧက ၄၀၀၀၀ ကျော်ရှိရာ အဆိုပါခုတ်လှဲခဲ့သည့် ရော်ဘာပင်အိုပင်ဟောင်းများနေရာတွင် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ရော်ဘာပင်အိုခုတ် တောင်သူများအား ရော်ဘာပျိုးပင်များကို ဇွန် ၂၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပေးအပ်ခဲ့သည်။

ရော်ဘာပျိုးပင်များ ပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံကျော်က အမှာစကားပြောကြားပြီး ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နော်သူးလေထီးက ရော်ဘာပျိုးပင်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ မြို့နယ် ရော်ဘာအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဝေလင်းညွန့်တို့က ရော်ဘာမျိုးကောင်းမျိုးသန့်စိုက်ပျိုးမှု နည်းပညာများ၊ ရော်ဘာအစေးထုတ်လုပ်မှုနှင့် အရည်အသွေး၊ ဈေးနှုန်းရရှိမှု အခြေအနေနှင့် ဈေးကွက်အခြေအနေများ စသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ရော်ဘာပင်အိုခုတ် တောင်သူများအား စိုက်ပျိုးချိန်အမီ ရော်ဘာပင်များပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ရော်ဘာပျိုးပင်မျိုးဖြစ်သော(BPM–24) မျိုးကောင်းမျိုးသန့် ပျိုးပင်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

**မျိုးမင်းဦး**

# ဟိုယ-မန်အွယ် လမ်းပေါ်ရှိ သံပေါင်ဘေလီတံတားကို အသစ်ပြန်တည်ဆောက်မည်

**မိုင်းရယ် ဇွန် ၂၈**

လားရှိုးခရိုင် မိုင်းရယ်မြို့နယ်ရှိ ဟိုယ-မန်အွယ်ရွာသွား လမ်းပေါ်ရှိ သံပေါင်ဘေလီတံတားမှာ ယမန်နှစ်က မိုးရေကြီးမှုကြောင့် နိမ့်ကျနေသဖြင့် ယင်းနေရာတွင် တံတားအသစ်တစ်စင်း တည်ဆောက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းအောင်၊ မြို့နယ်စီမံကိန်းဦးစီးမှူးနှင့် အဖွဲ့ဝင်များက ဇွန် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။



ဟိုယ-မန်အွယ်လမ်းပေါ်ရှိသံပေါင်ဘေလီတံတားဟောင်းကိုတွေ့ရစဉ်

အဆိုပါတံတားသည် ဟိုယ–နားမွန်–မန်အွယ်–မားဟုတ် ကျေးရွာများသို့ ဆက်သွယ်ထားသည့် လမ်းပေါ်တွင် တည်ရှိပြီး တံတားဟောင်းသည် အရှည် ပေ ၅၀၊ အကျယ် ၁၄ ပေရှိသည်။ ယခု အသစ်ပြန်လည်ဆောက်လုပ်သွားမည့် သံပေါင်ဘေလီတံတားကို လာမည့် ၂၀၂၁–၂၀၂၂ ပြည်နယ်ဘတ်ဂျက်အတွင်း ဆောက်လုပ်နိုင်ရေး လျာထား ကြောင်း သိရသည်။

နားမွန်၊ မန်အွယ်၊ နားဟုတ် ကျေးရွာသုံးရွာ၌ အိမ်ထောင်စု ၁၅၀ ခန့်၊ လူဦးရေ ၄၅၀ ကျော်ရှိပြီး ယင်းတံတားကို အားထားအသုံးပြုနေကြခြင်းဖြစ်ကာ ယခုအခါ တံတားဟောင်းမှာ နိမ့်ကျနေသဖြင့် အဆိုပါ ကျေးရွာ သုံးရွာမှ ကျောင်းသား ကျောင်းသူများ အပါအဝင် ပြည်သူများအနေဖြင့် မိုးရွာသွန်းသောနေ့များတွင် တံတားဟောင်းကို ဖြတ်သန်းသွားလာရန် အခက်အခဲများကြုံတွေ့နေရကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တွန်းဇံမြို့နယ် ငါးလန်လမ်းခွဲကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေး

**တွန်းဇံ ဇွန် ၂၈**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ငါးလန်လမ်းခွဲ ကျေးရွာ၌ တောင်ယာသွား ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုကို တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဇွန် ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

တွန်းဇံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနန်ဒိုဆုမ်းမန်နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ တောင်ယာသွား ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ထားမှုနှင့် လမ်းဘေးရေမြောင်းများ တူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျေးရွာနေပြည်သူများက ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မြို့နယ်ဦးစီးမှူးက မှာကြားခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေရှိပြီး မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ချင်းပြည်နယ်အစိုးရ၏ ၂၀၂၀–၂၀၂၁ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၃ ဒသမ ၇၅ သန်းဖြင့် တင်ဒါအောင်မြင်သော Thein San ကုမ္ပဏီက ယခုနှစ် ဖေဖော်ဝါရီလအတွင်းက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားခြင်းဖြစ်သည်။

**ငြိမ်းသူ**

*စာမျက်နှာ ၂၄ မှ*

အသင်းများအဖြစ် ဖွဲ့စည်းကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သည့် သမဝါယမအသင်းများ ဖြစ်ပေါ်လာစေရေးအတွက် ခေတ်စနစ်နှင့် လျော်ညီသည့် အတွေးသစ်၊ အမြင်သစ်များဖြင့် ဆောင်ရွက်ကြရပါမည်။

ခေတ်မီပြီး လူမှုစီးပွားဘဝမြင့်မားသည့် သမဝါယမအသင်းများ ဖြစ်စေရေးအတွက် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော သတင်းအချက်အလက်နှင့် နည်းပညာများ၊ အတတ်ပညာများကိုလည်း စဉ်ဆက်မပြတ် လေ့လာဆည်းပူးကာ သမဝါယမအသင်းနှင့် အသင်းသားများ၏ အကျိုးစီးပွားအတွက် လက်တွေ့ အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် ငွေကြေး၊ နည်းပညာ၊ ဈေးကွက်အစရှိသည့် အရင်းအနှီးများကို ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများထံမှ အကူအညီဖြစ်စေ၊ အထောက်အပံ့ဖြစ်စေ၊ ချေးငွေဖြစ်စေ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ သမဝါယမ၏ အခြေခံသဘောတရားများ၊ အခြေခံမူများ၊ အနှစ်သာရများနှင့် ကျင့်ဝတ်များကို ယခုထက်ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် သဘောပေါက် လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ထိရောက်သည့် သမဝါယမ ပညာပေးရေးလုပ်ငန်းကို အလေးထားဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

### အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများ

"သမဂ္ဂါနံ တပေါ့ သုခေါ – အဆွေခင်ပွန်းဖွဲ့၍ စုပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်းသည် ချမ်းသာသုခကို ရစေသည်/ဖြစ်စေသည်" ဆိုသည့် တရားတော်သည် တစ်နည်းအားဖြင့်ဆိုရသော် သမဝါယမစနစ်ကို ဖော်ညွှန်းပြဆိုခြင်းပင်ဖြစ်ပါသည်။ ပြည်သူတစ်ဦးချင်းစီ၏ အောင်မြင်တိုးတက်ချင်သည့်စိတ်၊ လုပ်ချင်ကိုင်ချင်စိတ်ရှိပြီး တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည် ဆိုသည့်စိတ်၊ ကောင်းမွန်မှန်ကန်သောအလုပ်ကို အမှန်တကယ် ကြိုးစားဆောင်ရွက်လုပ်ကိုင်လိုသည့်စိတ်များကို စုစည်းပြီး အတူတကွ စုပေါင်းဆောင်ရွက်ခြင်းဖြင့် စနစ်ကျသည့်အဖွဲ့အစည်းများ ဖြစ်ပေါ်လာမည့်အပြင် စနစ်ကျသည့် စီးပွားရေးဖော်ဆောင်မှုပုံစံကိုလည်း ရရှိလာနိုင်မည်ဖြစ်ပေသည်။

ထိုကဲ့သို့ စုပေါင်းအားနှင့် လုပ်ကိုင်ဆောင်ရွက်သည့် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အသေးစား အရင်းအနှီး ချေးငွေများ ချေးယူရရှိနိုင်ခြင်း၊ ထာဝရအသက်မွေးဝမ်းကျောင်းနိုင်မည့် နည်းပညာများကို သင်ယူရရှိနိုင်ခြင်း၊ မိမိတို့၏ ထုတ်ကုန်တွေကို မိမိတို့စိတ်ကြိုက် ရောင်းဝယ် ဖောက်ကားနိုင်မည့် ဈေးကွက်များသို့ ချိတ်ဆက် ထိုးဖောက်ဝင်ရောက်နိုင်ခြင်း၊ မိရိုးဖလာနည်းဖြင့် စိုက်ပျိုးလာခဲ့သည့်စနစ်မှ ခေတ်မီနည်းစနစ်တွေကို အသုံးပြုပြီး စိုက်ပျိုးလာနိုင်အောင် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရရှိနိုင်ခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကဲ့သို့ စိုက်ပျိုးရေးသွင်းအားစု ပစ္စည်းများကို သီးနှံပေါ်ပေး စာရင်းမှတ်စနစ်ဖြင့် ဝယ်ယူရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများ ရရှိခံစားနိုင်မည်ဖြစ်သည်။

### လူမှုစီးပွား ပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့

ရှေးယခင်ကပင် ကမ္ဘာပေါ်ရှိ စီးပွားရေးအောင်မြင်သည့် နိုင်ငံများတွင် သမဝါယမစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိခဲ့ရာ ၁၈၉၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမ အဖွဲ့ချုပ် (International Co–operative Alliance– ICA)ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုအခါ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ရုံးစိုက်ကာ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအသီးသီးရှိ သမဝါယမအသင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တွင် နိုင်ငံပေါင်း ၁၁၂ နိုင်ငံမှ သမဝါယမအသင်းပေါင်း ၃၁၈ သင်းက အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး မြန်မာနိုင်ငံမှ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ကမ္ဘာပေါ်ရှိ သမဝါယမစနစ်ကျင့်သုံးသော နိုင်ငံများရှိ သမဝါယမအသင်းများကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဇူလိုင်လ၏ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် ဆောင်ပုဒ်များသတ်မှတ်၍ ဂုဏ်ပြုလျက်ရှိပေသည်။

ယခု ၂၀၂၁ ခုနှစ် ဇူလိုင် ၃ ရက်(စနေနေ့)တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို "လူမှုစီးပွား ပိုမိုတိုးတက်ကောင်းမွန်ဖို့ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်စို့ (Rebuild Better Together)"ဆိုသည့် ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ဂုဏ်ပြုထားရာ စိတ်တူကိုယ်တူ၊ ဆန္ဒတူသူများက စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်တွေ၊ လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းနိုင်ရန် ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲဆောင်ရွက်သည့် သမဝါယမစနစ်ကို အခြေတည်၍ တွဲလက်ညီညီဖြင့် အနာဂတ်တွင် အောင်မြင်သည့် စီပွားရေးပန်းတိုင်ဆီသို့ အရောက်လှမ်းချီကာ ပိုမိုကောင်းမွန်သည့် စီးပွားရေးအသိုက်အဝန်းကြီးကို တည်ဆောက်သွားကြရမည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမ၏ မူလအဓိပ္ပာယ်ဖြစ်သည့် မှန်ကန်သည့်လုပ်ရပ်ကို ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာဖြင့် မကောင်းမှုတွေကိုဖယ်ရှားပြီး ကောင်းမှုတွေကို ဖြစ်ပွားအောင် ကြိုးစားအားထုတ်ကာ "သမဝါယမစနစ်ကို အခြေတည်၊ တွဲလက်ညီညီရှေ့သို့ချီ၊ ပို၍ကောင်းအောင် တည်ဆောက်မည်"ဆိုသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းရင်း ၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပေသည်။ ။

# သက်ရှည်ကျန်းမာဖို့ E- စီးကရက်ကို ရှောင်ကြဉ်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

လက်ရှိအချိန်တွင် (Electronic Cigarette) E- စီးကရက်သည် လူငယ်များကြားတွင် ရေပန်းစားလာလျက်ရှိသည်။ အနည်းငယ် ရှူရှိုက်လိုက်ရုံမျှဖြင့် မီးခိုးငွေ့များစွာထွက်သဖြင့် လူငယ်များသည် E- စီးကရက်ကို ပိုမိုသောက်လာကြသည်။ တချို့သော လူငယ်များကမူ E- စီးကရက်ကို အစမ်းသဘောမျိုး သောက်လာကြသည်။ သို့သော် ထို E- စီးကရက်ကို မည်သည့် ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားသည်ကို မည်သူမျှမသိကြပေ။ စွဲလမ်းမှုဖြစ်စေသည့် နီကိုတင်းဓာတ်ပါနေသည် ဆိုသောအချက်ကို မည်သူမျှမငြင်းဆန်နိုင်ချေ။ ဆေးလိပ်ထက်ပင် ကြောက်မက်ဖွယ်ရာကောင်းလှပြီး ကင်ဆာဖြစ်နိုင်ခြေလည်း များစွာပိုမိုလျက်ရှိသည်ဟု ဆေးဘက်ဆိုင်ရာ ပညာရှင်များက ထောက်ပြထားသည်။

### E- စီးကရက်ဆိုသည်မှာ

E - စီးကရက်ဆိုသည်မှာ နီကိုတင်းအရည်နှင့် ဓာတုအရည်များဖြည့်ထားသည့် ဘက်ထရီစွမ်းအင်သုံးကိရိယာဖြစ်သည်။ စီးကရက်အစစ်ကဲ့သို့ပင် ပုံစံတူအောင် ပြုလုပ်ထားသည်။ လေနည်းနည်းမှုတ်လိုက်သည့် အချိန်တွင် ဘက်ထရီသည် အရည်ကို အပူပေးလိုက်သဖြင့် အငွေ့ထွက်လာမည် ဖြစ်သည်။ ထိုအငွေ့ကို ဆေးလိပ်ငွေ့ကဲ့သို့ ရှူရှိုက်နိုင်ပြီဖြစ်သည်။ E- စီးကရက်တစ်ရှိုက်တွင် ဓာတုပစ္စည်း အမည်မျိုးစုံ ၅၀၀၀ ကျော် ပါဝင်သည်ဟုဆိုသည်။ ထိုဓာတုပစ္စည်းအများစုသည် ကင်ဆာရောဂါကို ဖြစ်ပွားစေသည်။ ဆိုရလျှင် ဆေးလိပ်အစစ်ကဲ့သို့ပင် ဆိုးကျိုးများ ခံစားရသည်ဟု ဆိုသည်။

### E- စီးကရက်သမိုင်း

တရုတ်နိုင်ငံသား ဆေးဖော်စပ်ရောင်းချသူ Hon Lik သည် ၂၀၀၃ ခုနှစ်တွင် E- စီးကရက်ကို စတင်တီထွင်ခဲ့သည်။ သူ၏ဖခင်သည် ဆေးလိပ်သောက်သုံးသဖြင့် အဆုတ်ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ရသည်။ ၎င်းသည် ၂၀၀၁ ခုနှစ်ကတည်းက နီကိုတင်းဓာတ်ပါသည့် အငွေ့ကိုရှူရှိုက်နိုင်သည့် ဆေးလိပ်အစားထိုးကိရိယာတစ်ခု စမ်းသပ်တီထွင်သွားရန် စဉ်းစားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် တရုတ်ပြည်တွင်းဈေးကွက်၌ E-စီးကရက်ကို စတင်မိတ်ဆက်ခဲ့သည်။ ၂၀၀၆ ခုနှစ်မှစ၍ E - စီးကရက်ကုမ္ပဏီများသည် တရားဝင်မှတ်ပုံတင်၍ ဥရောပ၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့တွင် ရောင်းချခဲ့သည်။ ထိုအချိန်မှစ၍ E- စီးကရက်ကို ပုံစံအမျိုးမျိုးဖြင့် အဆင့်ဆင့်တိုးတက်ပြောင်းလဲထုတ်လုပ်လာခဲ့သည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ E-စီးကရက် တွင်ကျယ်စွာ သုံးစွဲလာကြပြီ ဖြစ်သည်။

### ပါဝင်သည့်ဓာတုပစ္စည်းများ

E-စီးကရက် ထုတ်လုပ်သည့်ကုမ္ပဏီကြီးများသည် လူငယ်များစွဲမက်အောင် E-စီးကရက်ကို ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ် ရောင်းချလျက်ရှိကြသည်။ ဗြိတိန်နိုင်ငံ တစ်နိုင်ငံတည်း၌ပင်လျှင် E - စီးကရက် သောက်သုံးသူ သုံးသန်းကျော်ရှိသည်ဟု ဆိုသည်။ E-စီးကရက်တွင် မည်သည့် ဓာတုပစ္စည်းများပါဝင်သည်ဟု အတိအကျ ထုတ်ပြန်ထားခြင်း မရှိသော်လည်း စီးကရက်ကဲ့သို့ပင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် အောက်ဖော်ပြပါဓာတုပစ္စည်းများ ပါဝင်နေသည်ဟုဆိုသည်–

(၁) **ဗင်ဇင်း (Benzene)**။ စက်မှုလုပ်ငန်းသုံး အရည်တစ်မျိုးဖြစ်သည်။ ရေနံစိမ်းမှ ချက်လုပ်ထားခြင်း ဖြစ်သည်။

(၂) **အာဆင်းနစ် (Arsenic)**။ အဆိပ်တစ်မျိုးဖြစ်သည်။ သစ်များကို ကြာရှည်ခံအောင် ထိန်းသိမ်းရာတွင် အသုံးပြုသည်။

(၃) **ကက်ဒမီယံ (Cadmium)နှင့် ခဲ (lead)**။ ဘက်ထရီများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။

(၄) **ဖော်မယ်ဒီဟိုက်ဓာတ်ငွေ့ (Formaldehyde)**။ ရင်ခွဲရုံများ၊ ရေခဲတိုက်များနှင့် သုတ်ဆေးများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။

(၅) **ပိုလိုနီယမ်(Polonium-210)**။ ရေဒီယို သတ္တိကြွမှု မြင့်မားသည်။

(၆) **ခရိုမီယမ်(Chromiun)**။ ဆိုးဆေးများ၊ သုတ်ဆေးများနှင့် သတ္တုစပ်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။

(၇) **ဘူတက်ဒီးန် (Butadiene)**။ ရော်ဘာထုတ်လုပ်ရာတွင် အသုံးပြုသည်။

(၈) **နီကယ် (Nickel)**။ သတ္တုများကို သံချေးတက်ခြင်းမှ ကာကွယ်ရန် အသုံးပြုသည်။

(၉) **ဗီနိုင်းကလိုရိုဒ် (Vinyl chloride)**။ ပလတ်စတစ်နှင့် ဗီနိုင်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။

(၁၀)**ဘာရီလီယမ် (Beryllium)**။ အဏုမြူ ဓာတ်ပေါင်းဖိုများတွင် အသုံးပြုသည်။

(၁၁)**အက်သလီးအောက်ဆိုက် (Ethylene oxide)**။ ဆေးရုံသုံးပစ္စည်းများအား ပိုးသတ်ရာတွင် အသုံးပြုသည်။

(၁၂) **ပေါ်လီဆိုက်ကလစ် (Polycyclics)**။ DNA ပျက်စီးစေသောဓာတုပစ္စည်းများ ဖြစ်သည်။

(၁၃)**အော်သိုတော်လစ်ဒိုင်း (Ortho-Toluidine)**။ ပေါင်းသတ်ဆေးထုတ်လုပ်ရာတွင် အသုံးပြုသည်။

> ❖ **E-စီးကရက်တွင် လူသားများကို ဒုက္ခပေးနိုင်သည့် အဆိပ်အတောက်များ ပါရှိခြင်း၊ ဖော်မလင်ကဲ့သို့သော တာရှည်ခံအောင်ထိန်းပေးသည့် ဓာတုပစ္စည်းများ ပါရှိခြင်း၊ လူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်ခြင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်း၊ မွေးကင်းစကလေးသေဆုံးခြင်း၊ အဆုတ်ပျက်စီးခြင်းနှင့် ကင်ဆာရောဂါဖြစ်ပွားခြင်း စသည့်ရောဂါမျိုးစုံတို့ကို ဖြစ်ပွားစေနိုင်**

### ဆေးလိပ်ဖြတ်ရန်ဆိုသော်လည်း

ဆေးလိပ်စွဲနေသူများက ဆေးလိပ်ဖြတ်နိုင်ရန်အတွက် E-စီးကရက်ကို အစားထိုးသောက်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ အမှန်စင်စစ်မှာမူ ဆေးလိပ်မဖြတ်နိုင်သည့်အပြင် E- စီးကရက်ကိုပါ ထပ်မံ စွဲလမ်းသွားကြသည်။ E- စီးကရက်တွင် ပါဝင်သော နီကိုတင်းဓာတ်နှင့် အခြား ဓာတုဆေးရည်များသည် စွဲလမ်းမှုကို ဖြစ်ပေါ်စေသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသည် ဆေးလိပ်မသောက်တတ်သည့် လူငယ်များနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိသည်။ ဆိုလိုသည်မှာ ဆေးလိပ်မသောက်တတ်သောလူငယ်များသည် E-စီးကရက်ကို စမ်း၍သောက်ရာမှ စွဲလမ်းသွားကြသည်ဟု ဆိုသည်။ ထို့အပြင် ဆေးလိပ်သောက်သူများသည်လည်း ဆေးလိပ်ဖြတ်ရန်အတွက် E - စီးကရက်ကို အစားထိုးသောက်ရာမှ ဆေးလိပ်မပြတ်သည့်အပြင် နှစ်မျိုးစလုံးကိုပင် သောက်နေကြသည်။ E- စီးကရက်တွင် ပါဝင်သော နီကိုတင်းဓာတ်၏ စွဲလမ်းမှုကြောင့် ဖြစ်သည်။

### E- စီးကရက်၏ဆိုးကျိုးများ

E-စီးကရက်၏ ဆိုးကျိုးသည် ဆေးရွက်ကြီးထက်ပင် ပို၍ဆိုးသည်ဟု ဆိုသည်။ ဆေးဘက်ဆိုင်ရာ သုတေသနစစ်တမ်းများအရ ဆေးရွက်ကြီးကဲ့သို့ပင် DNA ပျက်စီးခြင်း၊ ချောင်းဆိုးသွေးပါခြင်းနှင့် ကင်ဆာရောဂါတို့ကိုလည်း ဖြစ်စေနိုင်သည်။ ၂၀၀၅ ခုနှစ်ကတည်းက လူငယ်များအကြား E- စီးကရက်သုံးစွဲမှုသည် ၉၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာခဲ့သည်။ လူငယ်များသည် ပုံမှန်ဆေးလိပ် သောက်သုံးသူများထက်ပင် E-စီးကရက်ကို ပိုမိုစွဲလမ်းလာကြသည်။

E-စီးကရက်တွင် လူသားများကို ဒုက္ခပေးနိုင်သည့်အဆိပ်အတောက်များ ပါရှိခြင်း၊ ဖော်မလင်ကဲ့သို့သော တာရှည်ခံအောင်ထိန်းပေးသည့် ဓာတုပစ္စည်းများ ပါရှိခြင်း၊ လူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်ခြင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်း၊ မွေးကင်းစကလေးသေဆုံးခြင်း၊ အဆုတ်ပျက်စီးခြင်းနှင့် ကင်ဆာရောဂါဖြစ်ပွားခြင်း စသည့်ရောဂါမျိုးစုံတို့ကို ဖြစ်ပွားစေနိုင်သည်။




E- စီးကရက်တွင်ပါဝင်သည့် နီကိုတင်းသည် ဟီရိုးအင်းနှင့် ကိုကင်းတို့ ကဲ့သို့ပင် စွဲလမ်းမှုဖြစ်ပေါ်စေသည်။ နီကိုတင်းသည် ဒေါသဖြစ်လွယ်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိုးရိမ်စိတ်ကြီးခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အိပ်မရခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ ကိုယ်အလေးချိန်တက်ခြင်း၊ စိတ်စုစည်း၍ မရခြင်း စသည့်စိတ်ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာကိုလည်း ဖြစ်ပေါ်စေသည်။

### သေဆုံးမှုနှုန်းမြင့်မား

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူဦးရေ ခုနစ်သန်းခန့်သည် ဆေးလိပ်သောက်သုံးခြင်းကြောင့် သေဆုံးနေကြရသည်။ စီးကရက်တွင်ပါဝင်သည့် ဓာတုပစ္စည်း အမျိုးအမည် ၅၀၀၀ ကျော်ကြောင့် ထိုသို့သေဆုံးနေရခြင်းဖြစ်သည်။ ထိုသို့ သေဆုံးသူ ခုနစ်သန်းခန့်တွင် ၇၀ ရာခိုင်နှုန်းသည် ကင်ဆာရောဂါဖြင့် သေဆုံးရခြင်းဖြစ်သည်။ လူငယ်များအနေဖြင့် ဆွဲဆောင်မှုအားကောင်းသော E-စီးကရက်ကို မသုံးမိအောင် ဝေးဝေးက ရှောင်သင့်ပေသည်။

ထို့အပြင် ဆေးလိပ်သောက်သုံးသူများ၏ မီးခိုးကို တစ်ဆင့်ခံရှူရှိုက်မှုကြောင့် နှစ်စဉ် ဆေးလိပ်မသောက်သုံးသူ ၆၀၀၀၀၀ ခန့် သေဆုံးရလျက်ရှိသည်။ ထိရောက်သော အရေးယူဆောင်ရွက်မှုများမရှိလျှင် သေဆုံးမှုကိန်းဂဏန်းသည် ၂၀၃၀ ပြည့်နှစ်တွင် ရှစ်သန်းကျော်အထိ ရှိလာမည်ဟုဆိုသည်။ ထို့ကြောင့် ဆေးလိပ်သည် ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး ခြိမ်းခြောက်လျက်ရှိပေသည်။

### ပတ်ဝန်းကျင်လည်းညစ်ညမ်း

E-စီးကရက်သည် ဆေးလိပ်ကဲ့သို့ပင် တစ်ဆင့်ခံ ရှူရှိုက်မိသူများကို ထိခိုက်စေနိုင်သည်။ E- စီးကရက်အငွေ့များသည် လေထုအတွင်း ရောက်ရှိပါက လေထုညစ်ညမ်းမှုကို ဦးစွာဖြစ်ပေါ်စေသည်။ ထို့နောက် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဆင့်ကဲဖြစ်ပေါ်စေသည်။ အကျိုးဆက်အနေဖြင့် သက်ရှိမျိုးစိတ်အားလုံးကို ဆိုးကျိုးသက်ရောက်စေမည်ဖြစ်သည်။ လေထုအတွင်း၌ E- စီးကရက်အငွေ့များ များလာမည်ဆိုလျှင် အစွန်းရောက် ရာသီဥတုကိုလည်း ဖြစ်ပေါ်လာစေသည်။

ဆိုရလျှင် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းရှိ လူငယ်များကြားတွင် E- စီးကရက် သောက်သုံးသူအရေအတွက် မြင့်တက်လာလျက် ရှိသည်။ E-စီးကရက်ကို မည်သည့်ဓာတုပစ္စည်းများဖြင့် ထုတ်လုပ်ထားသည်ကို တိကျစွာ ထုတ်ပြန်ထားခြင်းမရှိပေ။ သို့သော် E- စီးကရက်အငွေ့တစ်ရှိုက်တွင် ဓာတုပစ္စည်းအမျိုးအမည် ၅၀၀၀ ကျော်ပါဝင်နေသည်ဟုဆိုသည်။ သေချာသောအချက်မှာ E- စီးကရက်သောက်သုံးသူများသည် ကင်ဆာရောဂါဖြစ်၍ သေဆုံးနိုင်ခြင်းပင်ဖြစ်သည်။ E- စီးကရက်သောက်ရုံမျှဖြင့် ဆေးလိပ်ဖြတ်နိုင်မည်မဟုတ်ချေ။ မည်သို့ပင်ဆိုစေကာမူ လူငယ်များအနေဖြင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သော E- စီးကရက်ကို ရှောင်ကြဉ်သွားနိုင်ရန် စေတနာဖြင့် အကြံပြုတိုက်တွန်းရေးသားအပ်ပါသည်။ ။

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြစ်ကြီးနားမြို့၌ လျှော်ဘေးကယ်ဆယ်ရေး သရုပ်ပြမှုကြည့်ရှုပြီး ချီးမြှင့်ငွေပေးအပ်

မြစ်ကြီးနား ဇွန် ၂၈

**ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇွန် ၂၆ ရက်က မြစ်ကြီးနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ လျှော်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှု အခမ်းအနားကို တက်ရောက်အားပေးသည်။**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မြစ်ကြီးနားမြို့ ပလနနယ်မြေ (၁) ရပ်ကွက်ရှိ ကွန်ပျူတာတက္ကသိုလ် ဆောက်လုပ်ရန် လျာထားမြေနေရာ ဧက ၃၀ အား ကွင်းဆင်းစစ်ဆေးပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ရွှေစက်ရပ်ကွက်အတွင်း ပလန-၅ (သဇင်မြိုင်ကျေးရွာနှင့် နောင်တောင်ကျေးရွာချင်းဆက် လမ်း ကွန်ကရစ်ခင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြစ်ကြီးနားမြို့နယ်ပညာရေး ကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းဝင်းအတွင်း၌ပြုလုပ်သည့် လျှပ်စစ်ချို့ယွင်းမှုကြောင့် အဆောက်အအုံပြိုကျပျက်စီးပြီးအဆောက်အအုံအတွင်း ပိတ်မိပြည်သူများအား မီးသတ်ဦးစီးဌာန တပ်ခွဲအဆင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက မျက်မြင်လူနာများအား ဦးစားပေးအလိုက်ဘေးကင်းဇုန်သို့ သယ်ယူရွှေ့ပြောင်းခြင်း၊ ခေတ်မီရှာဖွေကယ်ဆယ်ရေး စက်ကိရိယာများဖြင့် ပိတ်မိပြည်သူများအား ရှာဖွေကယ်ဆယ်ခြင်း လုပ်ငန်းလက်တွေ့ သရုပ်ပြသမှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မီးသတ်ဦးစီးဌာန တပ်ခွဲအဆင့် လျှော်ဘေးအန္တရာယ်ရှာဖွေ ကယ်ဆယ်ရေးလက်တွေ့ သရုပ်ပြသအဖွဲ့အား ချီးမြှင့်ငွေကျပ် ငါးသိန်း ပေးအပ်ကြောင်း (ဓါတ်ပုံ)နှင့် မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများအား လိုက်လံကြည့်ရှုပြီးနောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်နှင့် ပညာရေး ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေး စကားပြောကြားကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**



# မြို့နယ်အချို့၌ မိုးရာသီသစ်ပင်စိုက်ပွဲတော် ကျင်းပ

**ကလေးဝ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၇ ရက်က စခန်းကြီးကျေးရွာအနီး ကလေးဝ - ယာကြီး ကားလမ်းဘေး၌ ပြုလုပ်သည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများက ပိတောက်၊ ပျဉ်းကတိုး၊ စွယ်တော်၊ စိန်ပန်း၊ မျောက်ငို၊ မဲဇလီ၊ မန်ကျည်းရှား၊ ကျွန်းပင်တို့ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**သက်ဟန်(ကလေးဝ)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အုတ်ဖိုကန်ကျေးရွာကုန်ထုတ်လမ်းဘေးတစ်လျှောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ အရိပ်ရသစ်ပင် ငါးမျိုး၊ စုစုပေါင်း အပင် ၂၀၀ ခန့်အား ဇွန် ၂၇ ရက်က ကျေးရွာသူ ကျေးရွာသားများနှင့်အတူ စိုက်ပျိုးကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းမှာ ယခုဘဏ္ဍာနှစ်တွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလရန်ပုံငွေကျပ် ၂၈ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး လမ်းအရှည် ၁ မိုင် ၂ ဖာလုံ၊ လမ်းအကျယ် ၁၈ ပေ၊ လမ်းအမြင့် ၁ ပေ ၉ လက်မ ရှိသော မြေနီကျောက်စရစ်လမ်းဖြစ်ပြီး လယ်ယာဧကပေါင်း ၁၀၀၀ ခန့်ကို အကျိုးပြုလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်ထံမှ သိရသည်။

**အထွေး**

**မိုင်းဖြတ်**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်က ဆိုက်ခေါင်းကျေးရွာအနီး၌ ပြုလုပ်သည်။

ရှေးဦးစွာ စိုက်ပျိုးမည့်သစ်ပင်များကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ် ဦးစီးမှူး ဦးမြင့်ဌေးတို့ထံ ပေးအပ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဆိုက်ခေါင်းကျေးရွာမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာနေ မိဘပြည်သူများက သတ်မှတ်မြေနေရာများ၌ မန်ကျည်းရှား၊ ကျွန်း၊ မဲဇလီ၊ ပျဉ်ကတိုး၊ ခါတော်မီ၊ ထေဝပတ်၊ ပိတောက်ပင်တို့ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

# ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရေကန်တူးဖော်ပြီးစီးမှုနှင့် ရေဝင်ရောက်မှုကို ကွင်းဆင်းစစ်ဆေး

ရမ်းဗြဲ ဇွန် ၂၈

ရမ်းဗြဲမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရေကန်တူးဖော်ခြင်းလုပ်ငန်း ပြီးစီးမှုနှင့် ရေဝင်ရောက်မှုအခြေအနေကို ရမ်းဗြဲမြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများက ဇွန် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ရန်ပုံငွေဖြင့် မရွတ်ချိန်ကျေးရွာအုပ်စု၊ တောင်ပေါ်ကျေးရွာတွင် မြေသားရေကန် ပေ ၃၀၀၊ ပေ ၁၅၀၊ ၁၀ ပေ၊ တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တောင်ပေါ်ကျေးရွာတွင် မြေသားရေကန် တူးဖော်ခြင်းကို ခွင့်ပြုငွေကျပ် ၆၅ ဒသမ ၀ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံးမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ရေဝင် ရောက်ကာ သိုလှောင်လျက်ရှိသည်။

အဆိုပါ မြေသားရေကန်တွင် ရေဝင်ဆံ့မှုအနေဖြင့် ရေဂါလန် ၂ ဒသမ ၈ သန်းခန့် ဝင်ဆံ့မည်ဖြစ်ရာ တောင်ပေါ်ကျေးရွာနေ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၉၅၀၈ ဦးတို့မှာ နွေရာသီသောက်သုံးရေ ဖူလုံစွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုထွန်း(ကျေးလက်)**

# တနိုင်းမြို့၌ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**တနိုင်း ဇွန် ၂၈**

ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ဇွန် ၂၇ ရက်တွင် ကျရောက်သည့် "ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့" အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့ကဦးဆောင်၍ တနိုင်းမြို့အဝင် လီဒိုလမ်းမကြီး၊ မြို့ဝင်ဆိုင်းဘုတ်နှင့် စည်းလုံးခြင်း ရုပ်တုကြား တစ်လျှောက်၌ ဇွန် ၂၇ ရက်က အရိပ်ရသစ်ပင်များ စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပုန်းညက်ပင်၊ ငုပင်၊ ရေတမာပင် ၂၅၀ ကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်၊ လဝက ဦးစီးအရာရှိ ဦးဘုန်းကျော်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လွမ်းတူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ဇင်နှင့် ဌာနဆိုင်ရာ အရာရှိများ၊ စည်ပင်သာယာရေး ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ သောက်သုံးရေအုတ်ကန်များနှင့် အမိုးများ လှူဒါန်း

**ညောင်ဦး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သောက်သုံးရေရှားပါးသည့် ကျေးရွာများကို အိမ်ခြေ၊ လူဦးရေအပေါ် မူတည်ပြီး ရေဂါလန် ၅၀၀ အထက် ရေအုတ်ကန်များကို အလှူရှင်၊ ကုသိုလ်ရှင်များက တည်ဆောက်လှူဒါန်းပေးလျက်ရှိရာ ထိုရေလှောင်အုတ်ကန်များ အမိုးအကာအတွက် ရန်ကုန်မြို့ (ဝေမျှခြင်း)ကုသိုလ်အဖွဲ့က အမိုးအကာများ ထပ်မံလုပ်ဆောင်ပေးလျက်ရှိရာ ဇွန် ၂၇ ရက်အထိ ရေအုတ်ကန် ခုနစ်ကန် အမိုး ပြုလုပ်ပြီးစီးပြီဖြစ်သည်။

ညောင်ဦးမြို့နယ်တွင် ထန်းတောင်သူတဲတိုက် (ထန်းလျက်ချက်ဖို) အများစု သောက်သုံးရေ အခက်အခဲ ကြုံတွေ့နေကြရာ သောက်သုံးရေ အလှူရှင်များ လှူဒါန်းသည့်ရေကို မှီခိုအားထားနေရသည့် တဲတိုက်ပေါင်း အများအပြားရှိပြီး ညောင်ဦးမြို့ပေါ်နှင့် မြန်မာပြည်အရပ်ရပ်မှ သောက်သုံးရေ အလှူတော်အသင်းများ လှူဒါန်းသည့် သောက်သုံးရေကို အဓိကမှီခို အားထားနေရသည့် ကျေးရွာများနှင့် တဲတိုက်များ အများအပြား ရှိနေကြောင်း ညောင်ဦးမြို့ အေးမေတ္တာ သောက်ရေအလှူတော်အသင်း ထံမှ သိရသည်။

ရေလှောင် အုတ်ကန်များ အမိုးအကာ ပြုလုပ်ခြင်းကို ကန်နီကြီးတဲတိုက် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ကန်၊ စက်သဲကျင်းတဲတိုက် ရေဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန်၊ ကွမ်းကြီးတဲတိုက် ရေဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန်၊ ကောင်းပင်စီမြောက်တဲတိုက်ပိုင်းတဲတိုက် ရေဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန်၊ တောဇွန်တဲတိုက်၊ တာလမ်းကန်တဲတိုက်၊ ညောင်တိုတဲတိုက်တို့ရှိ ရေဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန်တို့ကို မျှဝေခြင်း အလှူရှင်များအဖွဲ့က အမိုးအကာ ပြုလုပ်လှူဒါန်းကြောင်း ညောင်တိုတဲတိုက်မှ ထန်းတောင်သူ ဦးညိုမင်းပြောပြချက်အရ သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**



# မြို့နယ်အချို့၌ အကြမ်းဖက်သူအုပ်စုများက အေးချမ်းစွာနေထိုင်သော ပြည်သူများကို “သတင်းပေး”ဟု စွပ်စွဲပြောဆိုကာ ရန်ပြုခြင်း၊ နေအိမ်များအား ဖျက်ဆီးခြင်းများ ပြုလုပ်



ပြည်ကြီးတံခွန်မြို့နယ်၌ နေအိမ်တစ်လုံးအား အကြမ်းဖက်သူများက ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၈

တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ မြို့နယ်အချို့မှ အကြမ်းဖက်သူလူအုပ်စုများက ၎င်းတို့၏ လုပ်ဆောင်မှုများအတိုင်း လိုက်လံလုပ်ဆောင်ခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်သော ပြည်သူများကို “သတင်းပေး” ဟု စွပ်စွဲပြောဆိုကာ ၎င်းတို့အား ရန်ပြုခြင်း၊ နေအိမ်များကို ဖျက်ဆီးခြင်းများ အုပ်စုဖွဲ့၍ မင်းမဲ့စရိုက်ဆန်ဆန် ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အိုးပြစ်ကျေးရွာနေ ဦးချင်းရွှေ (၅၅) နှစ် (ဘ) ဦးလှမောင်၏ နေအိမ်ကိုအကြမ်းဖက်သူ ၁၀ ဦးက “သတင်းပေး” ဟုပြောဆို၍ လက်လုပ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ကာ အိမ်အတွင်း ဝင်ရောက်ဖျက်ဆီးသွားကြောင်းနှင့် အိုးပြစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော် ဉူးဇောတိက အား “သတင်းပေး” ဟု စွပ်စွဲပြောဆိုကာ ကျောင်းခြံစည်းရိုးများကို ကန်ကျောက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးခဲ့ရာ ဦးချင်းရွှေ၏ နေအိမ် ပြတင်းတံခါးမှန် ခြောက်ချပ်ကွဲကြေပျက်စီးကာ နေအိမ်အတွင်းမှ မပေါက်ကွဲသေးသည့် လက်လုပ်ဗုံး နှစ်လုံး တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ပြီး ဦးချင်းရွှေပါ မိသားစုဝင် ငါးဦးနှင့် ဆရာတော် ဉူးဇောတိကတို့အား အဆိုပါကျေးရွာတွင် နေထိုင်ရန် လုံခြုံရေးစိတ်မချရသဖြင့် နယ်မြေခံတပ်ရင်း၌ ခေါ်ဆောင်စောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

ထို့အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄) ရပ်ကွက်၊ မန်လွယ်ဘုန်းကြီးကျောင်းအနီးရှိ ဦးတင်ထွန်း ပိုင်ဆိုင်ပြီး လူနေထိုင်ခြင်းမရှိသည့် နေအိမ်ကို အကြမ်းဖက်သူအင်အား ၅၀ ခန့်က “သတင်းပေး” အိမ်ဟု စွပ်စွဲ၍ အုတ်တံတိုင်းခြံစည်းရိုးနှင့် သွပ်မိုး၊ ထရံကာနေအိမ်တို့အား ဝင်ရောက်ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါအခြေအနေကို ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ အကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို အုတ်ခဲကျိုးများဖြင့် ပစ်ပေါက်ရန်ပြုခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ အကြမ်းဖက်သူများ လူစုခွဲထွက်ပြေးသွားခဲ့ပြီး အကြမ်းဖက်သူများအတွင်းမှ အမျိုးသားတစ်ဦးတွင် ထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိထားသော ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၅ လမ်းနှင့် ၁၀၈ လမ်းထောင့်နေ ဦးထွန်းအောင် (၅၅) နှစ် နှင့် ဒေါ်ငွမ်းအသန် (၄၉) နှစ်တို့နှစ်ဦးအား ဓားရှည် ၁၃ လက်၊ ဂေါက်ရိုက်တံ တစ်ချောင်း၊ သံညှပ်အကြီး တစ်ချောင်း၊ ဖုန်း တစ်လုံး၊ ဆိုင်ကယ် ၁၄ စီး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့ကြောင်း သိရသည်။

အထက်ပါ အကြမ်းဖက်မှု ဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများနှင့် ပူးပေါင်းပါဝင် ပတ်သက်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်






သထုံမြို့နယ်၌ ပစ္စတိုသေနတ် တစ်လက်၊ လေသေနတ် လေးလက်၊ ပွိုင့် ၃၈ ကျည်အတောင့် ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သို၀ှက်သိမ်းဆည်းထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၈

**မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သို၀ှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ထိုသို့ ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မွန်ပြည်နယ် သထုံခရိုင် စစ်တောင်းတံတားအသစ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်များအား စစ်ဆေးနေစဉ် မြဝတီမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ အင်းစိန်မြို့နယ် ဖော့ကန်ကျေးရွာနေ ဇော်ဇော်အောင် (၃၅) နှစ် (ဘ) ဦးသန်းငွေ မောင်းနှင်ပြီး ဦးကျော်လွင် (၄၅) နှစ် လိုက်ပါလာသော YGN 6C/ 3110 Hyundia ခရီးသည်တင် မှန်လုံယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်၏ ဝမ်းဗိုက်အတွင်း တင်ဆောင်လာသော “စည်သူ” အမည်ပါ ကတ်ထူပုံးအတွင်းမှ ပစ္စတိုသေနတ် တစ်လက်၊ လေသေနတ် လေးလက်၊ ပွိုင့် ၃၈ ကျည်အတောင့် ၁၀၀ နှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ခွေးမြှုပ်ကျေးရွာရှိ ရွှေဘုံသာဘုန်းကြီးကျောင်း၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ဘုန်းကြီးကျောင်းဝင်း အနောက်ဘက်ရှိ သီလရှင်အဆောင်ဟောင်းအတွင်းမှ အဆိုပါကျေးရွာနေ မင်းကိုနိုင် (၃၄) နှစ် (ဘ) ဦးဝမ်းကို တောစီးလည်တိုဖိနပ် ကိုးရံ၊ မီးသတ်ဆေးဘူးအခွံ နှစ်ဘူး၊ လက်ကိုင်စကားပြောစက် သုံးလုံး၊ အားသွင်းခုံ လေးခု၊ ပြုလုပ်ဆဲသေနတ် သစ်သားကိုယ်ထည် တစ်ခု၊ အပစ်ခလုတ် သုံးခု၊ စတီးဘောစေ့ ၂၅ စေ့နှင့် အခြားဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရရှိခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သို၀ှက် သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်ကို ဆိုင်ကယ်ဖြင့် တိုက်ပြေးသူ အမျိုးသားတစ်ဦးအား ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ပြီး ၎င်းထံမှ လက်လုပ်ဗုံးနှစ်လုံး သိမ်းဆည်းရရှိ

နေပြည်တော် ဇွန် ၂၈


ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ယာဉ်စစ်ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို ဆိုင်ကယ်ဖြင့် တိုက်ပြေးသူ အမျိုးသားတစ်ဦးအား ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးခဲ့ပြီး ၎င်းထံမှလက်လုပ်ဗုံး နှစ်လုံး သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် ညပိုင်းတွင် ထန်းတပင်မြို့နယ် သပြေခြံကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လုံခြုံရေးဆောင်ရွက်နေစဉ် ည ၉ နာရီ ၄၅ မိနစ်တွင် အသက် (၃၀) နှစ်ခန့် အမျိုးသား တစ်ဦး မောင်းနှင်လာသည့် ၅၂ယ/ ၂၇၃၇ နံပါတ်တပ်ဆင်ထားသော DAYANG အမျိုးအစား အနက်ရောင်ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ပေးခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးကို ဆိုင်ကယ်ဖြင့် ဝင်တိုက်၍ ထွက်ပြေးသွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါဆိုင်ကယ်မှာ လဲကျသွားခဲ့ပြီး သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအမျိုးသားတွင် ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်စဉ် အကြမ်းဖက်သူ အမျိုးသားမှာ သေဆုံးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါအမျိုးသား မောင်းနှင်လာသော ဆိုင်ကယ်ကို စစ်ဆေးခဲ့ရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ အရှည် ရှစ်လက်မ၊ အကျယ် နှစ်လက်မခန့်ရှိ PVC ပိုက် အပြာရောင်ဖြင့် ပြုလုပ်ထားပြီး ဆေးအမည်းသုတ်ထားသော လက်လုပ်ဗုံး နှစ်လုံးကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ သေဆုံးခဲ့မှုနှင့် ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



လုံခြုံရေးတပ်ဖွဲ့ဝင်ကို ဆိုင်ကယ်ဖြင့်တိုက်ပြီး ထွက်ပြေးသူထံမှ သိမ်းဆည်းရမိသည့် လက်လုပ်ဗုံးနှစ်လုံးကို တွေ့ရစဉ်။

# လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လက်လုပ်သေနတ်များနှင့်ဆက်စပ်ပစ္စည်းများ လာရောက်အပ်နှံ

**နေပြည်တော် ဇွန် ၂၈**



တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုများက ၎င်းတို့၏ သဘောဆန္ဒအလျောက် လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများကို အုပ်ချုပ်ရေး တာဝန်ရှိသူများမှ တစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်နှင့် ချင်းပြည်နယ် မတူပီမြို့နယ်တို့မှ တူမီးသေနတ် ၁၀ လက်၊ လက်လုပ်သေနတ် ၁၆ လက်၊ ဒူးလေးငါးလက်နှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှ တစ်ဆင့် လုံခြုံရေး တပ်ဖွဲ့ဝင်များထံ လာရောက် အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပြည်သူလူထုက လာရောက်အပ်နှံသော လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

* *ကျောဖုံးမှ*

သုံး ချက်ပစ်ခတ်ပြီး လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ ငြိမ်းချမ်းစွာ ဆန္ဒပြနေသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအနက် အမျိုးသားနှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီးငါးဦး မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပြီး ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၎င်းနေရာအနီးတစ်ဝိုက်မှ Glock ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ၁၂ တောင့်နှင့် လက်ပစ်ဗုံးလေးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများအား နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြဝတီနှင့် ဘုတ်ပြင်းမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် မွန်းလွဲ ၃ နာရီတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ သန်းဝင်း(ခ)မျက်မှန်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆,၇၄၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၄ နာရီတွင် မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက် နန္ဒသူရိယလမ်းအနီးတွင် စိုင်းအောင်ဆာကို ဆိုင်ကယ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇,၅၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်လက်၍ ညနေ ၅ နာရီတွင် ၎င်းနေထိုင်သည့် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၂,၇၅၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီ မိနစ်၂၀ တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘုတ်ပြင်းမြို့နယ် ချောင်းကဖက်ကျေးရွာအုပ်စု ထင်းမယ်ကျေးရွာအနီးတွင် အောင်ငယ်ကြီး(ခ) အောင်ငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၁ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ကရင်ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်သည့် ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်များချမှတ်

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကရင်ပြည်နယ်အတွင်း တရားဥပဒေမဲ့ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်မှုကြောင့် ဖမ်းဆီးအရေးယူခံရသူများအား ဘားအံမြို့နယ်တရားရုံးက ပြစ်ဒဏ်များချမှတ်ခဲ့ရာ ဇွန် ၄ ရက်မှ ၁၇ ရက်အထိ ရာဇသတ်ကြီးပုဒ်မ - ၅၀၅ (က) အရ အမှုနှစ်မှုမှ တရားခံ ၆၀အား အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ်စီ ကျခံရန်၊ ရာဇသတ်ကြီး ပုဒ်မ - ၅၀၅ (က) အရ အမှုတစ်မှုမှ တရားခံတစ်ဦးအား အလုပ်နှင့်ထောင်ဒဏ် သုံးလကျခံရန်နှင့် ညမထွက်ရအမိန့် ချိုးဖောက်မှုဖြင့် ရာဇသတ်ကြီးပုဒ်မ - ၁၈၈ အရ စွဲဆိုမှု တစ်မှုမှ တရားခံနှစ်ဦးအား အလုပ်မဲ့ထောင်ဒဏ် တစ်လစီ ကျခံရန်၊ မေ ၁၀ ရက်က ညအချိန်သံပုံးတီးဆူပူမှုဖြင့် ရဲအက်ဥပဒေပုဒ်မ - ၄၇ အရ အမှု ၁၄ မှုမှ တရားခံ ၁၄ ဦးအား ထောင်ဒဏ် ခုနစ်ရက်စီကျခံရန်နှင့် ရာဇသတ်ကြီးပုဒ်မ - ၁၈၈အရ စွဲဆိုမှု ၄၀ မှ တရားခံ ၄၉ဦးအား အလုပ်မဲ့ထောင်ဒဏ် တစ်လစီကျခံရန် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ သိရသည်။

**အောင်မျိုး**

## ရခိုင်ပြည်နယ်တွင် မိုးစပါးစိုက်ပျိုးနိုင်ရန် လယ်ယာမြေများ ထွန်ယက်ပြုပြင်

**နေပြည်တော် ဇွန် ၂၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ရွှေဦးရာဇ်လယ်ယာဝန်ဆောင်မှုသမဝါယမအသင်းနှင့် ကျောက်တော်မြို့နယ် ဒေါင်းတော်ယိုးလယ်ယာကုန်ထုတ်သမဝါယမအသင်းများသည် အသင်းသားပိုင် လယ်ယာမြေများတွင် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် အသင်းပိုင် လက်တွန်းထွန်စက်၊ ဂွန်ဒေါင်းထွန်စက်များဖြင့် ထွန်ယက်ပြုပြင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တစ်ကေလျှင် ငွေကျပ် ၄၀၀၀၀နှုန်းဖြင့် လယ်ယာမြေဧက ၄၅၅ဧကကို ထွန်ယက်ပြုပြင်ပေးခဲ့ပြီး ထွန်ယက်ခများကိုလည်း စပါးပေါ်ချိန်မှသာ ပေးချေရမည်ဖြစ်၍ အသင်းသားတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၈**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၄ ဒသမ ၆၄ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၃၉လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၄၈လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၁၇လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၄၉ လက်မ၊ ပိုင်ကျုံမြို့တွင် ၁ ဒသမ ၄၅ လက်မနှင့် သံတွဲမြို့တွင် ၁ ဒသမ ၂၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

▼ *ကျောဖုံးမှ*

ဆေးဗားလ်တို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ယနေ့ပွဲစဉ်တွင် ပေါ်တူဂီအသင်းသည် ဘယ်လ်ဂျီယံအသင်းအပေါ် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းမှုများစွာ ပြုလုပ်ထားနိုင်ခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ် မသေချာမှု၊ ဂိုးရရှိရန် ဆန္ဒစောနေမှုတို့ကြောင့် ချေပဂိုးနှင့် ဝေးကွာခဲ့ရပြီး တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ပေါ်တူဂီအသင်းသည် ဘယ်လ်ဂျီယံအသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှုပိုင်း၊ ကစားကွက်ပိုင်း၊ နည်းဗျူဟာပိုင်း သိသိသာသာ အသာစီးရယူကာ ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့သော်လည်း အဆုံးသတ်ပိုင်းသေချာသည့် ဘယ်လ်ဂျီယံအသင်းက အနိုင်ရရှိကာ နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်တွင် အနိုင်ရရှိခဲ့သော ဘယ်လ်ဂျီယံအသင်းသည် ယူရို ၂၀၂၀ ကွာတားဖိုင်နယ်တွင် အသင်းကြီး အီတလီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အဆိုပါ ပွဲစဉ်ကို ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ အီတလီအသင်းသည် ၁၆သင်းအဆင့်တွင် ဩစတြီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်သည့်အသင်းဖြစ်သည်။

အခြားသော ယူရို ၂၀၂၀ ပြိုင်ပွဲ ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် နယ်သာလန်အသင်းနှင့် ချက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ချက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ချက်အသင်းသည် ကွာတားဖိုင်နယ်တွင် ဝေးလ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သော ဒိန်းမတ်အသင်းနှင့် ဇူလိုင် ၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**


**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါအဆောက်အဦးများအားတာဝန်ယူဆောင်ရွက်ခဲ့သောကော်မတီမှ အသိအမှတ်ပြုကန်ထရိုက်တာလိုင်စင်ရ ဦးလှညို(LC-843)သည် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူဒေါ်အေးမိုးလှိုင်(၁၂/တမန(နိုင်)၀၇၄၃၉၅)မှ ၎င်းအဆောက်အဦးများဆောက်လုပ်ခြင်းအတွက်ပေးသွင်းထားသောအာမခံကြေးငွေများအား ထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

| စဉ် | အဆောက်အဦးလိပ်စာ | မြေရှင်အမည် | အဆောက်အအုံဆောက်လုပ်ခွင့်ရကန်ထရိုက်တာအမည် | ကန်ထရိုက်တာလိုင်စင်အမှတ် |
|---|---|---|---|---|
| ၁ | အမှတ်-၂၇၊ မာလာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ | ဒေါ်သီတာအေးမြင့် | ဦးလှညို | LC-843 |
| ၂ | အမှတ်-၇၉၊ ၁၅၆-လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်။ | ဦးအာဆော်ထိန်း | ဦးလှညို | LC-843 |
| ၃ | အမှတ်-၆၊ ၁၆၃-လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်။ | ဒေါ်လှမြင့် | ဦးလှညို | LC-843 |
| ၄ | အမှတ်-၂၅၊ အောင်သုခလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ ဒေါပုံမြို့နယ်။ | ဦးကျင်အေး | ဦးလှညို | LC-843 |
| ၅ | အမှတ်-၁၇၅၊ နဝဒေး(၂)လမ်း၊ လမုတန်းရပ်ကွက်၊ဒေါပုံမြို့နယ်။ | ဦးသောင်း | ဦးလှညို | LC-843 |
| ၆ | အမှတ်-၄၀၊ ဈေးကလေး(၆)လမ်း၊ အထက်ဈေးကလေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။ | ဒေါ်စောမြင့် | ဦးလှညို | LC-843 |
| ၇ | အမှတ်-၁၀၊ အောင်မင်္ဂလာလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ဒေါပုံမြို့နယ်။ | ဦးမောင်မောင် | ဦးလှညို | LC-843 |

ဌာနမှူး(အဆောက်အဦးဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့)



**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကုန်စည်ပွဲရုံများနှင့် စခန်းများမှ အောက်ဖော်ပြပါလုပ်ငန်း(၇)ခုအား ၁-၈-၂၀၂၁မှ ၃၁-၃-၂၀၂၂ရက်ထိ(၈ လ) တင်ဒါစနစ်ဖြင့် အငှားချထားရန်အတွက် တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နံ့သာကုန်းစက်ဘီးနှင့် ယာဉ်အပိုပစ္စည်း ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံခြင်း၊

(ခ) ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခကောက်ခံခြင်း၊

(ဂ) စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခကောက်ခံခြင်း၊

(ဃ) ကျိုက္ကဆံ ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခကောက်ခံခြင်း၊

(င) ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ဆိပ်ကမ်းကပ်ခနှင့် ကုန်တင်ကုန်ချ ဆိပ်ကမ်းခွန်ကောက်ခံခြင်း၊

(စ) ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း ယာယီပစ္စည်းစုပုံခွန် ကောက်ခံခြင်း၊

(ဆ) စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း အဆောင်အမှတ်(၁၁၃)၊ အခန်းအမှတ်(၉) ငှားရမ်းခြင်း။

၂။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကုန်စည်ပွဲရုံများ၏ ဖုန်း-၀၉-၄၂၀၁၄၄၁၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၆-၂၀၂၁ရက်မှ ၂၇-၇-၂၀၂၁ရက်အထိ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ နှင့်တင်သွင်းရမည့်နေရာ - (၇)လွှာ၊ ၁၂ထပ်ခွဲရုံး၊ (၄၆)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် - ၂၈-၇-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ




ကလေးနာမည်ပေး ဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးထင်ပွန်းတပ်ချစ်သူစုံတွဲမင်္ဂလာရက်ရွေး
01-399136,09-401207303,09-73009994 လူကြီးလိုရာမေးအိမ်ဆောင်ထွက်ဗိုဒ်
09-515252 တိုက်အမှတ်(၉)ဒုထပ်၊စေ့လမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့ (ဗိတ်ရက်မရှိ)




**ပျောက်ဆုံးကြောင်း။**

ကျွန်တော်များ Myanmar Confident Group Co., Ltd မှပဲအမျိုးမျိုးများတင်ပို့ခဲ့သော ED - No. 20002111850, ED - No.200021990830,ED - No.200022047750,ED - No.200023514620,ED - No.20002408066០, ED - No.200024357750,ED- No.200025533640တို့မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း ၀၉ ၅၄၁၃၅၇၆


သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာ့မူစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကွင်း၊ ၁ ကွင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကွင်း၊ ၁ ကွင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကွင်း၊ ၁ ကွင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကွင်း ၁ ကွင်းလျှင် - ၁.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူး လှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၂၅ ဦး တွေ့ရှိ

## COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ ၁၂ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၃၃၀၉ ဦးရှိ

(၂၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၈၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ သစ် (၁,၂၂၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၇၁၈,၁၇၀) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၅၄,၃၈၅) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၉၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၅,၇၀၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၂) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၃,၃၀၉) ဦး ရှိပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ○

ယနေ့ သတင်းအညွှန်း

## ပူတယ်လေ ဆယ်နေကဲချိန် လွန်မြောက်လိုပါသည်

ဆောင်းပါး စာ » ၁၀

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

## မောင်တောမြို့နယ်ရှိ ကျေးရွာသုံးရွာတွင် ကျေးလက်အိမ်ရာများ တည်ဆောက်

ပြည်တွင်းသတင်း စာ » ၁၉

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

## မြို့နယ်အချို့၌ အကြမ်းဖက်သူအုပ်စုများက အေးချမ်းစွာနေထိုင်သော ပြည်သူများကို "သတင်းပေး"ဟုစွပ်စွဲပြောဆိုကာ ရန်ပြုခြင်း၊ နေအိမ်များအား ဖျက်ဆီးခြင်းများ ပြုလုပ်

ပြည်တွင်းသတင်း စာ » ၂၄

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

## ကရင်ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်သည့် ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်များချမှတ်

ပြည်တွင်းသတင်း စာ » ၂၅

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

## သက်ရှည်ကျန်းမာဖို့ E- စီးကရက်ကို ရှောင်ကြဉ်ကြပါစို့

ဆောင်းပါး စာ » ၂၂




## နမ့်ခမ်းမြို့၌ ငြိမ်းချမ်းစွာ လှည့်လည်ဆန္ဒထုတ်ဖော်နေသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား SSPP/SSA (ဝမ်ဟိုင်း)အဖွဲ့က လက်နက်ငယ်၊ လက်ပစ်ဗုံးများဖြင့် ဆင်ခြင်တုံတရားမဲ့စွာ ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဇွန် ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံ တိုင်းရင်းသားပြည်သူများက ၎င်းတို့ နယ်မြေအတွင်း SSPP/SSA (ဝမ်ဟိုင်း) အဖွဲ့ကို မလိုလားကြောင်း ယနေ့ မွန်းလွဲပိုင်းတွင် ငြိမ်းချမ်းစွာ လှည့်လည်၍ ဆန္ဒထုတ်ဖော်စဉ် SSPP/SSA (ဝမ်ဟိုင်း)အဖွဲ့က လက်ပစ်ဗုံးဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ ပြည်သူများ သေဆုံး၊ ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နမ့်ခမ်းမြို့နှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံတိုင်းရင်းသား ပြည်သူများသည် ၎င်းတို့ နယ်မြေအတွင်း SSPP/SSA (ဝမ်ဟိုင်း)အဖွဲ့ကို မလိုလားကြောင်း ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၅)ရပ်ကွက် ပန်ပွဲကွင်းမှ ငြိမ်းချမ်းစွာလှည့်လည် ဆန္ဒထုတ်ဖော်နေစဉ် မြို့မဈေးအနီးသို့အရောက်၌ SSPP/SSA(ဝမ်ဟိုင်း)အဖွဲ့မှ အမျိုးသားနှစ်ဦး ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဆန္ဒပြစုဝေးနေသူများကို ပစ္စတိုသေနတ်ဖြင့်

စာမျက်နှာ ၂၅ ကော်လံ ၁ ✻




ဘယ်လ်ဂျီယံကစားသမား သော်ဂန်ဟာဇက် ပေါ်တူဂီအသင်းဘက်သို့ အဝေးကန်ချက်ဖြင့် ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

## သော်ဂန်ဟာဇက်၏ သွင်းဂိုးဖြင့် ပေါ်တူဂီကို အနိုင်ရရှိကာ ကွာတားဖိုင်နယ် တက်လှမ်းခဲ့သည့် ဘယ်လ်ဂျီယံ

ယူရို ၂၀၂၀ ပြိုင်ပွဲ ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် နာမည်ကြီး ဘယ်လ်ဂျီယံအသင်းနှင့် လက်ရှိချန်ပီယံ ပေါ်တူဂီအသင်းတို့ ပွဲစဉ်ကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဘယ်လ်ဂျီယံအသင်းက သော်ဂန်ဟာဇက်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် နောက်တစ်ဆင့် တက်ရောက်နိုင်ရေး အတွက် နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ ယူရို ၂၀၂၀ ပြိုင်ပွဲ ၁၆ သင်းအဆင့်တွင် အသင်းကြီးနှစ်သင်းတွေ့ဆုံနေသည့်အတွက် သော်လည်း ကောင်း၊ နောက်တစ်ဆင့် တက်ရောက်နိုင်ရေးအတွက် သော်လည်းကောင်း နှစ်သင်းစလုံး ရလဒ်ကောင်းရရှိရန် အကောင်းဆုံးပြင်ဆင်လာသောကြောင့် ပွဲအစပိုင်း မိနစ်များတွင် ဂိုးရရှိရေးထက် အမှားမခံရေးကိုသာ ဦးစားပေးကစားခဲ့သည်ကို တွေ့ရသည်။ အထူးသဖြင့် ယနေ့ပွဲစဉ်တွင် အသင်းခေါင်းဆောင် စီရော်နယ်ဒို အပါအဝင် ပေါ်တူဂီ ကစားသမားများ ဂိုးရရှိရန် ဆန္ဒစောနေခြင်း၊ ဘယ်လ်ဂျီယံဂိုးသမား ကော့တွိုက်စ် လက်စွမ်းပြ ကာကွယ်ထားနိုင်ခြင်းတို့ကြောင့် ပွဲချိန် မိနစ် ၄၀ ကျော်သည်အထိ သွင်းဂိုးများ မြင်တွေ့ခဲ့ရခြင်း မရှိချေ။ သို့သော်လည်း ပွဲချိန် ၄၂ မိနစ်တွင် ဘယ်လ်ဂျီယံ အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး မူနီယာ၏ ဖန်တီးပေးမှုမှတစ်ဆင့် သော်ဂန်ဟာဇက်က အားပါပြင်းထန်သည့် အဝေးကန်ချက်ဖြင့် သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ပေါ်တူဂီအသင်းသည် ကစားကွက် အပြောင်းအလဲပြုလုပ်ကာ ဂျာအိုဖီးလစ်၊ ဖာနန်ဒက်စ်၊ အန်ဒရီ

စာမျက်နှာ ၂၅ ကော်လံ ၁ ▼